မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ သောကြာနေ့၊ အတွဲ(၄၅)၊ အမှတ် (၁၁၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)တို့မှ တိုင်းရင်းသားခေါင်းဆောင်များအား တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ တိုင်းရင်းသားခေါင်းဆောင်များက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ ခေတ္တနာယက ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Hul Phany ဦးဆောင်သည့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဩဂုတ် ၁၅ ရက် တွင် ကျိုင်းတုံမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီ၄၅ မိနစ်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားမြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပန်ဆန်းမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းတွင် သင်တန်းသားများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း — အင်တာနက် သတင်းအညွှန်း

ကမ္ဘာ့ချမ်းသာသော နိုင်ငံများအနေဖြင့် သောက်သုံးရေရှားပါးပြတ်လပ်မှုနှင့် ပိုမိုရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း ကမ္ဘာ့တစ်ဝန်း သဘာဝ ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့(ဒဗလျူဒဗလျူအက်ဖ်) အစီရင်ခံစာ၌ သတိပေး ဖော်ပြလိုက်သည်။

အင်တာနက်သတင်းနှင့် ဓာတ်ပုံ (စာ-၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

မူးယစ်ဆေးဝါးချုပ်ငြိမ်းပပျောက်ရေး ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်

နိုင်ငံတော်က ငြိမ်းချမ်းရေးရရှိသည့် ဒေသများကို အထူးဒေသများအဖြစ် သတ်မှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။ ယနေ့အထိ ငွေကျပ်သန်းပေါင်း ၈၄၇၅၃ ဒသမ ၃၃ သန်းအထိ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိုလည်း ယှဉ်တွဲဆောင်ရွက်နေသည်။ ထို့ကြောင့်လည်း ယင်းဒေသများ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ လျော့နည်းကျဆင်းလာလျက်ရှိသည်။ ကိုးကန့်ဒေသသည် ၂၀၀၃ ခုနှစ်မှစပြီး မူးယစ်ဆေးဝါး ကင်းမဲ့ဇုန်အဖြစ် တရားဝင်ကြေညာနိုင်ခဲ့သည်။ 'ဝ'ဒေသကိုလည်း ၂၀၀၅ ခုနှစ် ဇွန်လက ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကင်းမဲ့ဇုန်အဖြစ် ကြေညာနိုင်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်က ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးလုံးဝ ပပျောက်စေရမည် ဟူသည့် မဟာဗျူဟာရည်မှန်းချက်နှင့်အညီ ထုတ်လုပ်မှုပပျောက်ရေး၊သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးအတွက် နယ်မြေလူထုအား စည်းရုံးဆောင်ရွက်ခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကလည်း နီးကြားတက်ကြွစွာ ပါဝင်ပူးပေါင်းလုပ်ဆောင်နေသည်။

နိုင်ငံတော်၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းတွင် ဒေသခံပြည်သူလူထုနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုများကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခမ်းပါဒေသအတွင်း SSA-S အကြမ်းဖက်သောင်းကျန်းသူ ရွက်ဆစ်အဖွဲ့၏ ဘိန်းချက်စခန်းနှစ်ခုကို အထူးဒေသ(၂) အဖွဲ့က ဖော်ထုတ်တိုက်ခိုက်သိမ်းပိုက် နိုင်ခဲ့ရာ လက်နက်ခဲယမ်းများအပါအဝင် စိတ်ကြွရူးသွပ်ဆေးပြားများကို ဖမ်းဆီးရမိခဲ့သည်။ အဆိုပါသိမ်းဆည်း ရမိသည့် မူးယစ်ဆေးဝါးများ၏တန်ဖိုးမှာ မြန်မာကျပ်ငွေ ၅ ဒသမ ၇ ဘီလီယံရှိပြီး အမေရိကန်ဒေါ်လာ ၄၁၆ သန်းဖိုးခန့်ရှိသည်။

ဒေသခံပြည်သူတို့၏ သတင်းပေးကူညီမှုဖြင့် အထူးဒေသ(၄) ဆွတ်လွေဆိပ်ကမ်းအနီးတွင် ဘိန်းဖြူဘလောက်တုံး ၄၈တုံးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို ဖမ်းဆီးရရှိရာ မြန်မာကျပ်ငွေ ၁ ဒသမ ၂၈ ဘီလီယံဖိုးရှိပြီး အမေရိကန်ဒေါ်လာ နှစ်သန်းဖိုးခန့် ရှိသည်။

အလားတူ မိုင်းပျဉ်းတွင် မြန်မာကျပ်ငွေ ၁ ဒသမ ၇ ဘီလီယံ ဖိုးရှိပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းဖိုးခန့်ရှိသော စိတ်ကြွရူးသွပ်ဆေးပြားများနှင့် တာချီလိတ်မြို့၌ မြန်မာကျပ်ငွေ ၄၄၄ သန်းဖိုးရှိပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းဖိုးခန့်ရှိသည့် မူးယစ်ဆေးပြားရိုက်စက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို ဖမ်းဆီးရမိခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးချုပ်ငြိမ်းပပျောက်သွားစေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ နေပြည်တော်ဗဟိုမီးသတ်စခန်းစစ်ဆေး ရင်သွေးရတနာမူလတန်းကြိုကျောင်းကို ကြည့်ရှုမှာကြား

နေပြည်တော် ဩဂုတ် ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဦးစီးဌာနများမှတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၁၅ရက်နံနက်ပိုင်းက နေပြည်တော်ရှိ ဗဟိုမီးသတ်စခန်းနှင့် မီးသတ်စခန်းခွဲ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၄)များ တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဆောက်လုပ်ရေးနေရာများသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် အဆောက်အအုံများ အရည်အသွေးမီ၊ စံချိန်မီ၊ အချိန်မီပြီးစီးရေး၊ အဆောက်အအုံ၏ ဗိသုကာပုံစံနှင့်အညီ လိုအပ်ချက်များပြည့်စုံစေရေး၊ မီးသတ်ယာဉ်များ ထားရှိမည့်နေရာ၊ ကြမ်းပြင်တောင့်တင်းခိုင်မာစေရေး၊ မီးသတ်ယာဉ် ဝင်/ထွက် သွားလာမှုအဆင်ပြေစေရေး၊ တပ်ဖွဲ့ဝင်နေအိမ်များနှင့် ပတ်ဝန်းကျင် သာယာလှပရေးတို့ကို အသေးစိတ် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့်ဝန်ထမ်းနေအိမ်များသို့ ကြည့်ရှုစစ်ဆေးရာ နေအိမ်ဝန်းကျင်၊ စားပင်သီးပင် မြေပေါင်စနစ်ဖြင့် စနစ်တကျ စိုက်ပျိုးရေး၊ အရိပ်ရပင်၊ လေကာပင်၊ နှစ်ရှည်ပင်များ အကွက်ချစိုက်ပျိုးရေး၊ ရေနုတ်မြောင်းများ ကောင်းမွန်ရေး၊ နေအိမ်ခန်းများ၌ စနစ်တကျနေထိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ် မီးသတ်စခန်းများသို့ရောက်ရှိပြီး မြေနေရာသစ်၌ ငါးယူနစ် မီးသတ်စခန်းတည်ဆောက်ရေး၊ တပ်ဖွဲ့ဝင်လူနေအိမ်နှင့် အဆောင်များ ဆောက်လုပ်ရေးအတွက် မြေနေရာရွေးချယ်ပေးခြင်း၊ မီးသတ်စခန်း၌ ကိုယ်ပိုင်ရေရရှိရေး၊ ရေလှောင်ကန်များ တည်ဆောက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရင်သွေးရတနာ မူလတန်းကြို

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ရင်သွေးရတနာ မူလတန်းကြိုကျောင်းသို့ ဝင်ရောက် ကြည့်ရှုရာ **(အပေါ်ပုံ)** မူလတန်းကြို ကျောင်းသားကျောင်းသူများ ကျောင်းတက်ချိန်အတွင်း နေထိုင်မှု၊ စားသောက်မှုနှင့် သင်ကြားမှု အဆင်ပြေစေရေးတို့ကို မှာကြားသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) မိတ္ထီလာ နယ်မြေခံတပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံသို့ ဆေးနှင့်ဆေးပစ္စည်းလှူဒါန်း

နေပြည်တော် ဩဂုတ် ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၁၅ရက်နံနက်ပိုင်းက မိတ္ထီလာမြို့ နယ်မြေခံတပ်မတော်ဆေးရုံသို့ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းသည်။

ကျေးဇူးတင်စကားပြောကြား

အခမ်းအနားတွင် ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ဆေးနှင့် ဆေးပစ္စည်းများကို ဒုတိယဥက္ကဋ္ဌက လွှဲပြောင်းပေးအပ်ရာ နယ်မြေခံတပ်မှူးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် နယ်မြေခံတပ်တွင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းသို့ သွားရောက်ပြီး ကလေးများအတွက် ကစားစရာ အရုပ်များ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် မိတ္ထီလာမြို့ရှိ အထွေထွေရောဂါကုဆေးရုံသို့ သွားရောက်၍ ဆေးနှင့် ဆေးပစ္စည်းလှူဒါန်းရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ဆေးရုံအုပ်ကြီး ဦးမျိုးသန်းနှင့် အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်းရာ ဆေးရုံအုပ်ကြီးဦးမျိုးသန်းက လက်ခံပြီး **(ဝဲပုံ)** ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ပေါက်ချောင်းရပ်ကွက်ရှိ နေ့ကလေးထိန်းကျောင်းသို့သွားရောက်၍ ကလေးသူငယ်များ ပညာသင်ကြားမှုကို လေ့လာကြည့်ရှုပြီး ကလေးများအတွက် ကစားစရာအရုပ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၈-၈-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၀	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံယောဇဉ်"** (အပိုင်း-၈)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း-၁၈)

နယ်စပ်ဒေသနေတိုင်းရင်းသားပြည်သူများ အသိဉာဏ်ပညာတိုးပွားရေး ပြန်ကြားရေးလုပ်ငန်းများ သွက်လက်ထက်မြက်နေအောင်ကြိုးပမ်း ရုပ်/သံထပ်ဆင့်လွှင့်စက်ရုံများ စွမ်းအားပြည့်ထုတ်လွှင့်နိုင်ရေးဆောင်ရွက်

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လွိုင်မွေကျေးရွာ စာကြည့်တိုက်၌ စာပေဗဟုသုတ ရှာမှီးဖတ်ရှုနေကြသော ဒေသခံတိုင်းရင်းသား လူငယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့်အတူ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေကျေးရွာရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ လွိုင်မွေ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြား ဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၉ နာရီတွင် လွိုင်မွေ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိရာ ကျိုင်းတုံဇုန် တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးညွန့်လှိုင်နှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စက်ရုံ၌ တပ်ဆင်အသုံးပြုလျက်ရှိသော အီတလီနိုင်ငံလုပ် ဝပ် ၂၅၀ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ် ဝပ် ၂၅၀ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်များ ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ရုပ်မြင်သံကြား ထပ်ဆင့်ထုတ်လွှင့်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စက်ရုံညှိခန်း၌ ဝန်ကြီးအား ကျိုင်းတုံဇုန် တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးညွန့်လှိုင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ၂၂ ရုံဖြင့် ထုတ်လွှင့်ပေးလျက်ရှိရာ လွှင့်အား ဝပ် ၂၅၀ ရှိ စက်ရုံတစ်ရုံ၊ ဝပ် ၅၀ ရှိ စက်ရုံရှစ်ရုံနှင့် ဝပ် ၁၀ ရှိ စက်ရုံ ၁၃ ရုံတို့၏ အခြေအနေ၊ ထပ်ဆင့်လွှင့်စက်ရုံ နှစ်ရုံကို မိုင်းကာနှင့် မိုင်းယွန်းတို့၌ ဆက်လက်တည်ဆောက်နေမှုအခြေအနေ၊ ဝန်ထမ်းအင်အားအခြေအနေ၊ လျှပ်စစ်ဓာတ်အားရရှိမှုနှင့် ကိုယ်ပိုင် မီးစက်ဖြင့် ထုတ်လွှင့်ပေးနေမှုအခြေအနေ၊ ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အလိုက် ရုပ်မြင်သံကြား ထပ်ဆင့်ထုတ်လွှင့်မှု လွှင့်အားပျံ့နှံ့မှုအခြေအနေနှင့် ဒေသနေ တိုင်းရင်းသားပြည်သူများ ရုပ်မြင်သံကြား ကြည့်ရှုမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စနစ်တကျဆောင်ရွက်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လွိုင်မွေ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်းများအား လုပ်ငန်းတာဝန် ခွဲဝေဆောင်ရွက်နေမှု အခြေအနေ၊ မိသားစု၏ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူမှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမေးမြန်းပြီး ကျိုင်းတုံဒေသသည် နယ်စပ်ဒေသဖြစ်သဖြင့် ဒေသနေ တိုင်းရင်းသားပြည်သူများအား အသိဉာဏ်ပညာ ဗဟုသုတ တိုးပွားရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့အတွက် ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများကို သွက်လက်ထက်မြက်နေအောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ မြန်မာ့ရုပ်မြင်သံကြားထုတ်လွှင့်မှု ပိုမိုကျယ်ပြန့်လာစေရေး၊ ထပ်ဆင့်ထုတ်လွှင့်လျက်ရှိသော စက်ရုံများ စွမ်းအားပြည့် ထုတ်လွှင့်နိုင်ရေး၊ ထုတ်လွှင့်စက်များ ရေရှည်အသုံးပြုနိုင်ရန် အမြဲမပြတ် စစ်ဆေး၍ လိုအပ်သော ပြင်ဆင်မွမ်းမံ ထိန်းသိမ်း ဆောင်ရွက်သွားရေး၊ တိုင်းရင်းသားပြည်သူများ၏ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ ဖမ်းယူကြည့်ရှုမှုအခြေအနေများကို စနစ်တကျ မှတ်တမ်းပြုစုပြီး ထုတ်လွှင့်မှုအစီအစဉ်များကို ထုတ်လွှင့်ချိန်အပြည့် ထုတ်လွှင့်ပြသနိုင်အောင် စီစဉ်ဆောင်ရွက်သွားရေး၊ ဝန်ထမ်းမိသားစုများ စားဝတ်နေရေး ပိုမိုပြည့်စုံကောင်းမွန်အောင် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်သွားကြရေးတို့ကို မှာကြားသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးသည် လွိုင်မွေ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၏ တာဝါတိုင်နှင့် စက်ရုံဝင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံ၏ လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ခရိုင်လေးခရိုင်ရှိရာ ကျိုင်းတုံခရိုင်၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ကိုးရုံ၊ မိုင်းဆတ်ခရိုင်၌ စက်ရုံ ခြောက်ရုံ၊ တာချီလိတ်ခရိုင်၌ စက်ရုံ လေးရုံ၊ မိုင်းဖြတ်ခရိုင်၌ စက်ရုံ သုံးရုံ စုစုပေါင်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ၂၂ ရုံ တည်ဆောက်ပြီး ထုတ်လွှင့်ပေးလျက်ရှိသည်။

ထို့အပြင် ထပ်ဆင့်လွှင့်စက်ရုံ နှစ်ခုကိုလည်း ဆက်လက် တိုးချဲ့ဆောင်ရွက်လျက်ရှိရာ မိုင်းယွန်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ယခုလအတွင်း တပ်ဆင်ပြီးစီး၍ ထုတ်လွှင့်သွားမည်ဖြစ်ပြီး မိုင်းကာ ထပ်ဆင့်လွှင့်စက်ရုံကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ယာယီထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရှိရသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ လွိုင်မွေဒေသ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဝန်ကြီးသည် လွိုင်မွေကျေးရွာ စာကြည့်တိုက်သို့ ရောက်ရှိရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ကြိုဆိုကြပြီး ဝန်ကြီးက ကျေးရွာ စာကြည့်တိုက်၌ စာပေဗဟုသုတရှာမှီး ဖတ်ရှုနေကြသော ဒေသခံတိုင်းရင်းသား လူငယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်လာအောင် အသိပညာ၊ အတတ်ပညာများကို ရှာမှီး ဆည်းပူးသင်ယူသွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သော လေ့လာရေးအဖွဲ့ဝင်များ မိုင်းလားမြို့ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်သည့်အထိမ်းအမှတ် ပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

■ *ကျော့ဖုံးမှ*

ယင်းနောက် ဝန်ကြီးဦးဆောင်သော လေ့လာရေးအဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ နယ်နိမိတ်ချင်းထိစပ်ရာ နယ်စပ်ဂိတ်သို့ သွားရောက် ကြည့်ရှုလေ့လာကြပြီး အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဝန်ကြီးဦးဆောင်သော လေ့လာရေးအဖွဲ့ဝင်များသည် မိုင်းလားမြို့၏ ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး မိုင်းလားမြို့မဈေး၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အေးချမ်းသာယာစွာ ရောင်းဝယ်ဖောက်ကားနေမှုအခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များသည် မွန်းတည့် ၁၂ နာရီတွင် ရဟတ်ယာဉ်များဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)ဖြစ်သော 'ဝ'ဒေသ ပန်ဆန်းမြို့သို့ရောက်ရှိကြရာ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များသည် ပန်ဆန်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုလည်းကောင်း၊ ပန်ဆန်းမြို့ဈေး၌ ဒေသခံ တိုင်းရင်းသားပြည်သူများ၏ အေးချမ်းပျော်ရွှင်စွာ ရောင်းဝယ်ဖောက်ကားနေမှုအခြေအနေများကိုလည်းကောင်း လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဝန်ကြီးဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များသည် ၂၀၀၅ ခုနှစ်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လုံးဝကင်းစင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဘိန်းအစားထိုးသီးနှံအဖြစ် ရော်ဘာကို ဧက ၄၀၀၀ အထိ အောင်မြင်စွာ စိုက်ပျိုးထားရှိသော ပန်ဆန်းဒေသ၏ ရော်ဘာစိုက်ခင်းများကို သွားရောက် ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များက ၂၀၀၅ ခုနှစ်မှစတင်၍ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လုံးဝကင်းစင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးမှု၏ အကျိုးဖြစ်ထွန်းမှုအခြေအနေများနှင့် နိုင်ငံတော်နှင့်လက်တွဲ၍ ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှုကြောင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် 'ဝ' ဒေသ ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကို သက်ဆိုင်ရာဒေသခံများအား မေးမြန်းကြရာ ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ရန်ပုံငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးသည် စာပေရန်ပုံငွေအဖြစ် ငွေပဒေသာပင်စိုက်ထူ၍ စာရေးဆရာ၊ သတင်းစာဆရာ၊ ကာတွန်းဆရာများအတွက် နာမကျန်းထောက်ပံ့ငွေနှင့် နာရေးထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည်။ ယင်းစာပေရန်ပုံငွေနှင့် အဖွဲ့ကြီး အထွေထွေရန်ပုံငွေအဖြစ် ပေးပို့လှူဒါန်းလျက်ရှိရာ လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာ အမှတ် (၈၉/၉၀)နေ ပြည့်စွမ်းရည်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဇော်မင်းအေး(ကိုယ်စား) ဦးအေးကို(ဇာနည်ကို)က စာပေရန်ပုံငွေအတွက် ငွေကျပ်ငါးသိန်း၊ ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၁၉၈)နေ ဦးခိုင်ထွေး(Asia Brave Trading Co., Ltd.)၊ ဒေါ်သင်းသင်းခိုင်၊ သမီးများဖြစ်ကြသော မသဲရတနာထွေးနှင့် မဆုရတနာထွေးတို့ကစာပေရန်ပုံငွေနှင့် အဖွဲ့ကြီး အထွေထွေရန်ပုံငွေအတွက် ငွေကျပ်နှစ်သိန်း၊ စာပေရန်ပုံငွေအတွက် ဒေါက်တာသိန်းညွန့်(ညွန့်ဝေ-ကသာ)က ငွေကျပ်တစ်သိန်း၊ ဒုတိယဗိုလ်မှူးကြီးမြင့်သူ(ငြိမ်း)(စာရေးဆရာ သူရိန်ဦး) တောင်ဥက္ကလာပက ငွေကျပ်တစ်သောင်း၊ ဦးရဲလွင်(သင့်ဘဝဦးရဲလွင်) မြောက်ဥက္ကလာပက ငွေကျပ်တစ်သောင်းနှင့် ဦးသန်းထိုက်ဗဟန်းက ငွေကျပ်တစ်ထောင့်ငါးရာ အသီးသီးလှူဒါန်းကြရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ အတွင်းရေးမှူး ဒေါက်တာ တင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က နာမကျန်းထောက်ပံ့ငွေနှင့် နာရေးထောက်ပံ့ငွေကို တိုးမြှင့်ကူညီထောက်ပံ့ပေးရန်ရှိပါ၍ စာပေရန်ပုံငွေသို့ စာပေဝါသနာရှင်၊ စေတနာရှင်များက အလှူငွေများလှူဒါန်းလိုပါက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး စာပေဗိမာန်အဆောက်အအုံ (ဒုတိယထပ်) အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၅၂၇၃ နှင့် ၂၅၂၄၁၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပူပိုင်းမုန်တိုင်းငယ် ဩရိဿကမ်းခြေကိုဝင်ရောက်

ရန်ကုန် ဩဂုတ် ၁၇

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ချန်ဒါဘာလီမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

စီးပွားဖွံ့ဖြိုးမှုကို ခြိမ်းခြောက်နေသည့်အကြမ်းဖက်မှုများအား မြေလှန်ချေမှုန်းရန် ပါကစ္စတန်ဝန်ကြီးချုပ်တိုက်တွန်း

အစ္စလမ္မာဘတ် ဩဂုတ် ၁၇

အကြမ်းဖက်မှုက ပါကစ္စတန်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အကြီးအကျယ် ခြိမ်းခြောက် အန္တရာယ်ပြုနေသည်ဟု ပြောကြားကာ ပါကစ္စတန်ဝန်ကြီးချုပ် ရှောကက်အဇစ်က အကြမ်းဖက်မှုများကို မြေလှန်ချေမှုန်းပစ်ကြရန် ဩဂုတ် ၁၄ ရက်က တိုက်တွန်းလိုက်ကြောင်း ရုပ်မြင်သံကြားဌာနက ကြေညာသည်။

ပြောကြား

အစ္စလမ္မာဘတ်မြို့၌ ကျင်းပသည့် နှစ်(၆၀)ပြည့် ပါကစ္စတန် လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အထိမ်းအမှတ် အလံတင် အခမ်းအနားတွင် ပါကစ္စတန် ဝန်ကြီးချုပ် အဇစ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

မျှော်လင့်

နိုင်ငံအတွင်း ဒီမိုကရေစီဖော်ဆောင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ရေးအတွက် ပါကစ္စတန်ခေါင်းဆောင်ပိုင်းက ကျယ်ပြန့်သော ပြုပြင် ပြောင်းလဲမှုများကို ဦးဆောင်ဦးရွက်ပြုခဲ့ကြောင်း၊ လုယက်၊ အဓမ္မသိမ်းယူမှုခေတ်ကို အဆုံးသတ်ပြီး နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်သည့် ဆုံးဖြတ်ချက် အားလုံးကို အစိုးရက ချမှတ် ကျင့်သုံးလျက်ရှိကြောင်း၊ လုယက်အဓမ္မသိမ်းသူများအား ပြည်သူတို့က ပြန်လာခွင့်ပေးမည်မဟုတ်တော့ဟု မိမိမျှော်လင့်ကြောင်းဖြင့်လည်း ၎င်းက ထည့်သွင်းပြောကြားလိုက်သည်။

အရေးကြီး

ဒေသတွင်း ထာဝစဉ် ငြိမ်းချမ်းရေးအတွက် ကက်ရှမီးယားအရေး အပါအဝင် အိန္ဒိယ-ပါကစ္စတန် နှစ်နိုင်ငံ ပြဿနာများ ပြေလည်အောင် ဖြေရှင်းရန် အရေးကြီးကြောင်း ဝန်ကြီးချုပ်အဇစ်က ပြောကြားသည်။

ပါကစ္စ တန်နိုင်ငံသည် ၁၉၄၇ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် လွတ်လပ်ရေးရရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နာဆာအင်ဂျင်နီယာများ ဒီဇိုင်းရေးဆွဲထားသည့် လကမ္ဘာသွား အေရက်စ်ဒုံးပျံသစ် အစိတ်အပိုင်းများ တပ်ဆင်နေသည်ကို အာကာသစခန်း၌ ဩဂုတ် ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဉာဏ်စမ်းပဟေဠိစွမ်းရည်ပြိုင်

တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ဟန်ကျိုးမြို့တွင် ဉာဏ်စမ်းပဟေဠိစွမ်းရည် ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသည့် ကလေးငယ် ၂၀၀ကျော်ကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆေးလိပ်သောက်ခြင်းကို တားမြစ်သည့်ဥပဒေ ချီလီနိုင်ငံတွင် ထုတ်ပြန်

ဆန်တီယာဂို ဩဂုတ် ၁၇

ချီလီနိုင်ငံ၌ ဆေးလိပ်ကြော်ငြာများကို တားမြစ်ရန်နှင့် အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် ဆေးလိပ်သောက်ခြင်း တားမြစ်သည့် ဥပဒေ တစ်ရပ်ကို ထုတ်ပြန်လိုက်ပြီး ဩဂုတ် ၁၄ရက်နေ့မှစ၍ အကျိုးသက်ရောက်စေလိုက်သည်။

ထိုဥပဒေတွင် ဆေးလိပ်ကုမ္ပဏီများ ဆေးလိပ်ကြော်ငြာများကိုနှစ်မီတာ ထက်ပိုမသုံးရန်နှင့် ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကိုထိခိုက်နိုင်ကြောင်း သတိပေးချက်ပါရှိရမည်။

တားမြစ်

ဆေးလိပ်သောက်ခြင်းကိုကျောင်းများ၊ ဆေးရုံများ၊ အစိုးရရုံးဌာနများ၊ အားကစားကွင်းများ၊ ဘတ်စ်ကားများနှင့် အခြား အများပြည်သူများရှိသည့် နေရာများတွင် ထိုဥပဒေအရ တားမြစ်ပိတ်ပင်သည်။

ခွင့်မပြု

အသက် ၁၈နှစ်မပြည့်သေးသူများအား အရက်ဆိုင်များတွင် ဆေးလိပ်ရောင်းချခြင်း ခွင့်မပြု။

ထိုဥပဒေတွင်အလုပ်သမား ၁၀ဦး ထက်ပိုသော အလုပ်လုပ်သည့်နေရာများတွင် ဆေးလိပ်သောက်ခြင်း မပြုလုပ်ရ။

ကျောင်း၏မီတာ ၁၀၀အတွင်း ဆေးလိပ်ဆိုင်မရှိစေရန်နှင့် ဆေးလိပ်ကြော်ငြာများ မီတာ ၃၀၀အတွင်း မရှိစေရန်လည်း ထိုဥပဒေတွင် သတ်မှတ်ထားသည်။

ပေးဆောင်

ထိုဥပဒေပြဋ္ဌာန်းချက်ကို မလိုက်နာပါက ချီလီနိုင်ငံသားများ အမေရိကန်ဒေါ်လာ၃၀နှင့်ဒေါ်လာ၆၀အတွင်း ဥပဒေအရ ဒဏ်ငွေပေးဆောင်ရမည်။

ချီလီနိုင်ငံတွင် လူဦးရေ ၁၅ဒသမ ၅ သန်းရှိသည့်အနက် ဆေးလိပ်နှင့် ဆက်နွှယ်သော ရောဂါကြောင့် ချီလီလူမျိုးများ နှစ်စဉ် ၁၄၀၀၀ သေဆုံးခဲ့ရသည်။ ချီလီကျန်းမာရေးဝန်ကြီးဌာန၏ မှတ်တမ်းအရ ချီလီနိုင်ငံသား ၄၂ ရာခိုင်နှုန်းခန့် ဆေးလိပ်သောက်သုံးကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အင်အား ၃၅၀၀ ရှိ ငြိမ်းချမ်းရေးတပ်ဖွဲ့ လက်ဘနွန်တောင်ပိုင်း၌ ဖြန့်ကြက်မည်

ကုလသမဂ္ဂ ဩဂုတ် ၁၇

လက်ဘနွန်တောင်ပိုင်းတွင် နိုင်ငံတကာငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်၏အင်အား ၃၅၀၀ ရှိ ရှေ့ပြေးတပ်ဖွဲ့ကို ရက်သတ္တနှစ်ပတ် အတွင်း ဖြန့်ကြက်နိုင်မည်ဟု ကုလသမဂ္ဂက မျှော်မှန်းထားကြောင်း ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု စစ်ဆင်ရေးများဆိုင်ရာ လက်ထောက် အတွင်းရေးမှူးချုပ် ဟေဒီအင်နာဘီက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ပြောကြား

ရှေ့ပြေး တပ်ဖွဲ့ဝင် ၃၀၀၀ မှ ၃၅၀၀ အထိ ၁၀ ရက်မှ ရက်သတ္တနှစ်ပတ်အတွင်း လက်ဘနွန်တောင်ပိုင်းတွင် မိမိတို့မြင်တွေ့လိုကြောင်း အင်နာဘီက ပြောကြားသည်။

အဆိုပါရှေ့ပြေးတပ်ဖွဲ့ကအစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့၏ တိုက်ခိုက်မှုများ ရပ်စဲသွားရေးနှင့်တကွ အစ္စရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးလုပ်ငန်းစဉ်နှင့် လက်ဘနွန်တပ်ဖွဲ့ဝင် များ ဖြန့်ကြက်ရေးလုပ်ငန်း စတင်ရန် အထောက်အကူဖြစ်လိမ့်မည်ဟုလည်း ၎င်းက ကုလသမဂ္ဂဌာနချုပ်တွင် သတင်းထောက်များအား ပြောကြားလိုက်သည်။ နိုင်ငံတကာငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်များ လက်ဘနွန်တောင်ပိုင်းတွင် ဖြန့်ကြက်ရေးနှင့် ပတ်သက်၍ အချိန်ကာလသတ်မှတ်ခြင်းမရှိကြောင်း၊ ယင်းမှာထပ်တူစေလွှတ်မည့်နိုင်ငံများက မြန်နိုင်သမျှ မြန်မြန်ပို့မှုဘက်တွင် မူတည်ကြောင်း ၎င်းကပြောကြားသည်။

ပြဋ္ဌာန်းလိုက်

လက်ဘနွန်တောင်ပိုင်းနှင့် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့(ယူနီဖီးလ်)ဝင် ၂၀၀၀ နီးပါးရှိသည်။ အင်အား ၁၅၀၀၀ အထိ အင်အားဖြည့်ရန် ဩဂုတ် ၁၄ရက်က သဘောတူလိုက်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ်- ၁၇၀၁ က ပြဋ္ဌာန်းလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နယူးယောက်စီးတီးဒေသနှစ်ခုတွင် ဓာတ်ငွေ့ပျံ့နှံ့မှုကြောင့် လူခုနစ်ဦးဆေးရုံတင်ပို့ခဲ့ရ

နယူးယောက် ဩဂုတ် ၁၇

နယူးယောက်စီးတီးရှိ ဒေသငါးခုအနက် ဒေသနှစ်ခုတွင် ဓာတ်ငွေ့ပျံ့နှံ့မှုကို ရှူရှိုက်မိခဲ့သော လူခုနစ်ဦး ခေါင်းမူးဝေဒနာခံစားခဲ့ရသဖြင့် ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း မီးသတ်ဌာနက ပြောကြားသည်။

ယင်းဖြစ်ပွားမှုကြောင့် ကွင်းအရပ်မှ လူ ၁၀၀ခန့်နှင့် စတိတ်အိုင်လန်အရပ်မှ လူပေါင်းဒါဇင်ဝက်ခန့်သည် မီးသတ်ဌာနသို့ နံနက် ၉နာရီခွဲခန့်က တယ်လီဖုန်းဖြင့်ဆက်သွယ်သတင်း ပေးပို့ခဲ့ကြောင်း၊ သတင်းပေးပို့ချက်အရ ဓာတ်ငွေ့အနံ့များကို မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသတို့မှ ဝင်ရောက်ကြောင်း မီးသတ်ဌာန၏ ပြောရေးဆိုခွင့်ရှိသူ သောမက်စ်ကန်က ပြောကြားသည်။

ဆက်သွယ်

ဓာတ်ငွေ့ပျံ့နှံ့မှုများကို စုံစမ်းစစ်ဆေးမှုပြုရာတွင် နယူးဂျာစီနှင့် စတိတ်အိုင်လန်အရပ်ကြား ဆက်သွယ်ထားသည့်တံတားတစ်ခုအနီးမှ ဖြစ်ကြောင်း သိရသည်။

ပြောကြား

၎င်းဖြစ်ပွားမှုကို နယူးယောက်စီးတီးရှိ အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာရုံးမှ တာဝန်ရှိသူများအား ဩဂုတ် ၁၅ရက် ညနေ အရောက်သွားရောက်စစ်ဆေးမှု ပြုလုပ်ရန် ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗင်နီဇွဲလားက ဂျမေကာသို့ ရေနံပိုမို တင်ပို့မည်

ကာရာကတ် ဩဂုတ် ၁၇

ဂျမေကာနိုင်ငံသို့ ရေနံများပိုမိုတင်ပို့ရေးအတွက် သဘောတူစာချုပ်အသစ်တစ်ရပ် ရေးထိုးရန် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က သဘောတူညီလိုက်ကြောင်း ဗင်နီဇွဲလား ပြန်ကြားရေးဝန်ကြီးဌာနက ဩဂုတ် ၁၄ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါသဘောတူညီမှုအသစ်တွင် ဂျမေကာနိုင်ငံသို့ တစ်နေ့လျှင် ရေနံစည်ပေါင်း ၂၅၀၀ တိုးမြှင့်မည်ဖြစ်ကြောင်း ဗင်နီဇွဲလား ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။ ထို့အပြင် ဗင်နီဇွဲလား သမ္မတ ဟူဂိုချာဗက်ဇ်အနေဖြင့် ဂျမေကာနိုင်ငံတွင် အဝေးပြေးလမ်းများ ဖောက်လုပ်ရေး စီမံကိန်းတွင်လည်း အကူအညီများပေးရန် ဆွေးနွေးလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံတွင် ဆော်မိုင်းမုန်တိုင်းကြောင့် လူ ၃၁၉ ဦး သေဆုံးခဲ့ရ

ပေကျင်း ဩဂုတ် ၁၇

တရုတ်နိုင်ငံတွင်ပြီးခဲ့သည့်သီတင်းပတ်က ရာစုနှစ်ဝက်အတွင်း အပြင်းထန်ဆုံးမုန်တိုင်း တိုက်ခတ်မှုကြောင့် လူ ၃၁၉ဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဩဂုတ် ၁၄ ရက်၌ ပြောကြားသည်။

ဆောင်မိုင်းမုန်တိုင်း

တရုတ်နိုင်ငံတောင်ပိုင်း ဖူကျန်းပြည်နယ်တွင် သေဆုံးသူဦးရေမှာ ၈၀ မှ ၁၂၅ ဦးအထိ တိုးလာပြီး အများစုမှာ ငါးဖမ်းသမားများဖြစ်ကြသည်။ ကျီကျင်းပြည်နယ် အနီးရှိ ဆိပ်ကမ်းမြို့ဖြစ်သော ရှန်ကျင်းမြို့သို့ ဆောင်မိုင်းမုန်တိုင်း ဝင်ရောက် တိုက်ခတ်အပြီးတွင် စက်လှေ၁၀၀၀၀ကျော် ပြန်လည်ဆိုက်ကပ်လာကြသည်။

ရှာဖွေတွေ့ရှိ

ငါးဖမ်းသမား ၉၉ ဦး၏ ရုပ်အလောင်းများကို ရှန်ချင်းမြို့တွင် ဩဂုတ် ၁၃ရက် ညနေပိုင်းက ရှာဖွေတွေ့ရှိခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်နိုင်ငံတွင် ဆော်မိုင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးမှုများကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်း(၆၁)နှစ်မြောက်အခမ်းအနား ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ကျင်းပ

တိုကျို ဩဂုတ် ၁၇

(၆၁)နှစ်မြောက် ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်း အထိမ်းအမှတ် အခမ်းအနားကို ဂျပန်အစိုးရက ကမကထပြု၍ ဩဂုတ် ၁၅ ရက်က တိုကျိုမြို့တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဂျပန်ဘုရင်အကီဟီတိုနှင့် ဂျပန်ဝန်ကြီးချုပ်ဂျွန်နီချီရိုကိုအိဇုမိတို့လည်း တက်ရောက်ခဲ့ကြသည်။ ၎င်းအခမ်းအနားကို တိုကျိုမြို့ နိပွန်ဘူဒိုကန်ခန်းမ၌ ကျင်းပခဲ့ရာ ပြည်သူ ၆၂၀၀ခန့်လည်း တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယကမ္ဘာစစ်အတွင်း သေဆုံးခဲ့သော ပြည်သူများနှင့် အတိဒုက္ခရောက်ခဲ့ရသူများအား ဝမ်းနည်းမှုဖြစ်ရကြောင်း မိမိတို့နိုင်ငံ၏ အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့ရရှိရေးအတွက် ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ဂျပန်ဘုရင်အကီဟီတိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်စီးပွားရေး ၁၀ရာခိုင်နှုန်းကျော် တိုးတက်

ပေကျင်း ဩဂုတ် ၁၇

တရုတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများသည် ယခုနှစ်အတွင်း ၁၀ဒသမ ၄ရာခိုင်နှုန်းနှင့် ၂၀၀၇ခုနှစ်တွင် ၉ဒသမ သုံးရာခိုင်နှုန်း တိုးတက်လာမည်ဟု မျှော်လင့်ကြောင်း ကမ္ဘာ့ဘဏ်က ဩဂုတ် ၁၅ ရက်တွင် ပြောကြားသည်။

ယခုပထမနှစ်ဝက်တွင် တရုတ်နိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး ၁၀ဒသမ ၉ရာခိုင်နှုန်း တိုးတက်လာကြောင်း ဒုတိယလေးလပတ်တွင် ၁၁ဒသမ ၃ရာခိုင်နှုန်းတိုးတက်လာကြောင်း စီးပွားရေးလုပ်ငန်းများအနေဖြင့် ကျေနပ်အားရဖွယ်ရှိပြီး စိုးရိမ်ရမည့် အခြေအနေမရှိကြောင်း ကမ္ဘာ့ဘဏ်၏လေးလပတ် အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ တစ်ရှိန်ထိုးတိုးတက်လာရန် အလေးအနက်ထားကြောင်း တရုတ်နိုင်ငံ ဘဏ်အကြီးအကဲ ဘရတ်ဟော့ဖ်မန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

စွမ်းအင်သုံး နေရောင်ခံပြား

တိဘက်ဒေသ နာဂူမြို့၌ နေရောင်ခြည် စွမ်းအင်သုံး နေရောင်ခံပြားများကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုရှားမှ ကြက်ငှက်တုပ်ကွေးကာကွယ်ဆေး ဗီယက်နမ်သို့ တင်သွင်းမည်

ဟန္နိုင်း ဩဂုတ် ၁၇

ဗီယက်နမ်နိုင်ငံသည် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ဆေး သန်း၃၀မှ ၅၀အထိ တင်သွင်းမည်ဖြစ်ကြောင်း၊ ထိုဆေးများကို ဗီယက်နမ်နိုင်ငံရှိ အိမ်မွေးတိရစ္ဆာန်များနှင့် မွေးမြူရေးတိရစ္ဆာန်များအတွက် အသုံးပြုရန်ဖြစ်ကြောင်း ဗီယက်နမ်သတင်းစာ ဆိုင်ရုံလီဗာရေးရှင်းက ဩဂုတ် ၁၅ ရက်၌ ဖော်ပြသည်။

ထိုသို့ ရုရှားမှ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးများကို ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တာဝန်ယူတင်သွင်းခြင်းဖြစ်ပြီး ဗီယက်နမ်နိုင်ငံတစ်ဝန်း ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်ဦးပိုင်းတွင် ထိုကာကွယ်ဆေးများကို အသုံးပြုသွားမည်ဖြစ်သည်။

ထုတ်လုပ်

ဗီယက်နမ်နိုင်ငံအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးဖြန့်ဖြူးခြင်းများကို လာမည့်နှစ်များတွင် တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်သည်။ ဗီယက်နမ်ပြည်တွင်းရှိ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှစ်ခုကလည်း မကြာခင်ကာလအတွင်းက ကြက်ငှက်တုပ်ကွေးကာကွယ်ဆေးနှစ်သိန်းထုတ်လုပ်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ တိရစ္ဆာန်ကျန်းမာရေးဌာနမှ ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။

တိုးမြှင့်

ဗီယက်နမ်နိုင်ငံ တစ်ဝန်းတွင် မွေးမြူရေး တိရစ္ဆာန်ကောင်ရေပေါင်း ၂၀၀၂ ခုနှစ်က ၂၅၄ သန်းရှိခဲ့ပြီး နှစ်စဉ် ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးမြှင့်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားမှုမှာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလက ဖြစ်ပြီး နောက်ဆုံးဖြစ်ပွားခဲ့မှုမှာ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလက ဖြစ်ကြောင်း အဆိုပါဌာနမှထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ဖိလစ်ပိုင်တောင်ပိုင်းတွင် မြေပြို သုံးဦးသေဆုံး

မနီလာ ဩဂုတ် ၁၇

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း အော်ရိုရာမြို့အနီး ကျေးရွာတစ်ရွာတွင် မြေပြိုမှုတစ်ရပ်ဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး အခြားခုနစ်ဦးဒဏ်ရာရရှိသွားကြောင်း၊ ဖြစ်ပွားမှုမှာ ဩဂုတ် ၁၄ ရက်ကဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနမှ သတင်းထုတ်ပြန်သည်။

ရေထဲမျောပါ

အဆိုပါဒေသတွင် မိုးသည်းထန်ပြီး ရေများတစ်ဟုန်ထိုးစီးဆင်းမှုကြောင့် ခရီးသည်တင်ဘတ်စ်ကားနှစ်စီး ရေထဲမျောပါသွားသည့်အပြင် မြေပြိုမှုလည်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပျောက်ဆုံး

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ဇမ်ဘွန်ဂါဒယ်ဆူရာ ပြည်နယ်တွင် ရေလွှမ်းမှုကြောင့်မိသားစုပေါင်း ၆၁၂ စုမှ လူပေါင်း၂၈၅၉ ဦးရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။ ထို့အတူလွှန်ခဲ့သော ငါးရက်က ငါးဖမ်းထွက်သွားသူ ငါးဦးလည်း ပျောက်ဆုံးလျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံ အနောက်တောင်ပိုင်းတွင်လည်း မုတ်သုံမိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မိသားစု ၁၃၆၉၁ စုတို့မှာ ရေဘေးဒုက္ခခံစားခဲ့ကြရသည်။ အများဆုံး ရေဘေးဒုက္ခခံစားရသည့် ပြည်နယ်မှာ နေဂရော့အော့စီဒင်တယ်ဖြစ်ပြီး မိသားစု ၁၁၀၀၀ကျော်မှ ပြည်သူ ၅၅၀၀၀ခန့် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

သံသယဖြစ်ဖွယ်ပစ္စည်းထုပ် လေယာဉ်ပေါ်တွေ့ရှိ ခရီးသည်များအား အမြန်ရွှေ့ပြောင်းပေးခဲ့ရ

လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၇

လေယာဉ်ပေါ်တွင် သံသယဖြစ်ဖွယ် အထုပ်တစ်ထုပ်ကို တွေ့ရှိခဲ့ပြီးနောက် ခရီးသည်၁၂၅ဦးကို တင်ဆောင်ပျံသန်းလာသော အလာစကာ လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် လော့စ်အိန်ဂျလိစ် နိုင်ငံတကာလေဆိပ်သို့ဆင်းသက်ခဲ့ပြီးနောက် ခရီးသည်အားလုံးကို ဘေးကင်းရာသို့ အလျင်အမြန် ရွှေ့ပြောင်းပေးခဲ့ရကြောင်း လေဆိပ်အာဏာပိုင်များက ပြောကြားသည်။

စစ်ဆေး

ထိုဖြစ်ရပ်မှာ ဩဂုတ် ၁၄ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့က အနံ့ခံခွေးများကို အသုံးပြုကာ အဆိုပါ အထုပ်အားအလျင်အမြန် စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာတွင် ၎င်းပစ္စည်းမှာ ပေါက်ကွဲမှုဖြစ်ပွားစေသည့် ပစ္စည်းမဟုတ်ကြောင်း သိရသည်။

စုံစမ်း

သို့ရာတွင် အဆိုပါပစ္စည်းထုပ်နှင့် ပတ်သက်၍ မည်သို့အခြေအနေရှိသည်ကို စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်ဟု လော့စ်အိန်ဂျလိစ်လေဆိပ်မှ ပြောရေးဆိုခွင့်ရှိသူ ဟာဂိုဒ်ဂျွန်ဆင်က ပြောကြားသည်။

ဖယ်ရှား

ခရီးသည်များကို လေယာဉ်မှ အမြန်ထွက်ခွာစေခဲ့မှု ပြုလုပ်ခဲ့ပြီးအခင်းဖြစ်ပွားရာနေရာမှ အမြန်ဆုံးဖယ်ရှားပေးခဲ့ကြောင်း၊ အခြားလေယာဉ်ခရီးစဉ်များကို ထိခိုက်မှုမရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဦးခေါင်းပေါ် ဘောလုံးကြီးတင်ထားသူ

ဦးခေါင်းပေါ်တွင် ရော်ဘာ ဘောလုံးကြီးတစ်လုံး တင်ထားသည့် လူတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ဩဂုတ် ၁၃ရက်က ကျင်းပသည့် နိုင်ငံတကာ လူပြောင်များပြိုင်ပွဲတွင် ဒိန်းမတ် နိုင်ငံသား လူပြောင်တစ်ဦးက အလွန်ကြီးမားသော ရော်ဘာ ဘောလုံးကြီးကို ဦးခေါင်းတွင်စွပ်ကာ ဟန်ရေးပြခဲ့ကြောင်း သိရသည်။

(အင်တာနက်)

နှစ်ပေါင်း၁၀သန်းခန့်က ဝေလငါးဦးခေါင်းအရိုးစု

လွန်ခဲ့သောနှစ်ပေါင်း ၁၀သန်းခန့်က ဝေလငါးတစ်ကောင်၏ ဦးခေါင်းအရိုးစုတစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါ ဝေလငါး ဦးခေါင်းအရိုးစုကို ဩစတြေးလျနိုင်ငံ တောင်ပိုင်း ကမ်းခြေဒေသတစ်ခုတွင် ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ဩစတြေးလျနိုင်ငံရှိ ဗစ်တိုးရီးယားပြတိုက်၌ ထားရှိသည်။ ဝေလငါးတစ်ကောင်၏ ဦးခေါင်းခွံ၊ မေးရိုးနှင့် သွားများပါရှိသော ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ရာ သုတေသနပညာရှင်များက လွန်ခဲ့သော နှစ်ပေါင်း ၁၀သန်းခန့်က အသက်ရှင်ကျက်စားခဲ့သော ဝေလငါးတစ်ကောင်၏ အရိုးစုဖြစ်ကြောင်း ပြောကြားသည်။

(အင်တာနက်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တမံများအတွင်း ငါးမျိုးများစိုက်ထည့်

နေပြည်တော် ဩဂုတ် ၁၇

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ တမံများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၆ရက် နံနက် ၈နာရီခွဲက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးနောက်ဘက်ရှိ ပိတောက်မြောင်တမံ(၃)၌ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ရှိ ပိတောက်မြောင်တမံ(၃)၌ ငါးသားပေါက်များ စိုက်ထည့်ခြင်း အခမ်းအနားတွင် ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့် ဒုတိယဝန်ကြီးဦးမျိုးမြင့်တို့က ငါးမြစ်ချင်း၊ ငါးကြင်း စသည့် ငါးသားပေါက်များကို စိုက်ထည့်ပေးသည်။ ၎င်းနောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများက ငါးသားပေါက်များကို စိုက်ထည့်ပေးကြသည်။

အလားတူ ပိတောက်မြောင်တမံ(၁)၊ ပိတောက်မြောင်တမံ(၂)တို့တွင်လည်း ဝန်ထမ်းများက ငါးသားပေါက် များ စိုက်ထည့်ခဲ့ကြရာ စိုက်ထည့်သော ငါးသားပေါက်များမှာ ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀၊ ငါးခုံးမကောင်ရေ ၅၀၀၀၀၊ တီလားပီးယားကောင်ရေ ၅၀၀၀၊ ငါးသိုင်းခေါင်းပွကောင်ရေ ၃၀၀၀၊ မြက်စားငါးကြင်းကောင်ရေ ၂၀၀၀ စုစုပေါင်း ငါးမျိုးစုံကောင်ရေ ၁၁၀၀၀၀ စိုက်ထည့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်ချုပ်မောင်ဦးအား ဂျပန်နိုင်ငံသံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၇

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး အား ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nobutake Odano သည် ယမန်နေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ သည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးအောင်စောဝင်း၊ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းနှင့် ရုံးအဖွဲ့မှူး ဦးခင်မောင်သိန်းတို့ တက်ရောက် ကြသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာ ကျောင်း(မူလကျောင်းဟောင်း)တိုးချဲ့ မြေဝယ်ယူရန်အတွက် နှစ်ဖက်သော မိဘတို့ကိုရည်စူး၍ ဒေါ်ညိမ်းလှ (၇) ရပ်ကွက် သာကေတ ရန်ကုန် မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ အမှူဆောင်ဆရာတော် ဓမ္မာစရိယ (B.A) အရှင်ကောသလ္လ(မြန်အောင်) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာ ကျောင်း(မူလကျောင်းဟောင်း)တိုးချဲ့ မြေဝယ်ယူရန်အတွက် ဦးမြင့်သိန်း-ဒေါ်သန်းနွဲ့ အမှတ် ၁၂၂ ကုန်းဘောင် ၁၅ လမ်း (၆)ရပ်ကွက် တောင်ဥက္ကလာပ ရန်ကုန်မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ အမှူဆောင်ဆရာတော် ဓမ္မာစရိယ (B.A) အရှင်ကောသလ္လ (မြန်အောင်)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၁၀၂)နှစ်မြောက်အဘွားမွေးနေ့ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီ လမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ တွင် စောင့်ရှောက်ထားသော ဘိုးဘွား ၂၄၀ အနက် ဒုတိယအသက်အကြီး ဆုံးဖြစ်သော အဘွား ဒေါ်သန်း၏ (၁၀၂)နှစ်မြောက် မွေးနေ့မင်္ဂလာ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက အဆိုပါရိပ်သာ ဝင်းအတွင်းရှိ သုံးထပ်ဆေးရုံကြီး အပေါ်ဆုံး ဘုရားဆောင်၌ ကျင်းပသည်။

ပရိတ်နာ

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အဘိုးအဘွားများနှင့် ဝန်ထမ်းများက မေတ္တာပို့ရွတ်ဆို စတင်ဖွင့်လှစ်သည်။ ထို့နောက် ပရိသတ်များက ပါဠိ တက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချဆရာတော် ဦးတေဇနိယထံမှ ငါးပါးသီလခံယူဆောက်တည်၍ ပရိတ်တရားတော်များ နာယူကြသည်။ ဆက်လက်၍ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး ဦးသိန်းအောင်က ဘွားသန်း၏ အတ္ထုပ္ပတ္တိကို ဖတ်ကြား ပြီးနောက် ဘွားသန်းက ဆရာတော် သံဃာတော်များအား ဆွမ်းချိုင့်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်း၍ အနုမောဒနာတရား နာယူ ကာ ရေစက်သွန်းချ အမျှပေးဝေကြ သည်။

လှူဒါန်း

ထို့နောက် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း) ဦးဆောင်၍ မွေးနေ့ကိတ်မုန့် နှင့်လက်ဆောင်ပစ္စည်းများကိုဘွားသန်း အား လှူဒါန်းသည်။ **(အပေါ်ဝဲပုံ)** ဘွားသန်းသည် ပခုက္ကူမြို့ ဇာတိဖြစ် ပြီး လွန်ခဲ့သော (၂၈)နှစ်ကစ၍ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် ပြုစု စောင့်ရှောက်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ထားဝယ်အသင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းအတွင်းရှိ ထားဝယ်ကျောင်းတိုက် ၃၇ ကျောင်းမှ ကျောင်းထိုင်ဆရာတော်ကြီးများအား ထားဝယ်အသင်းကကြီးမှူးလျက် ဩဂုတ် ၂၀ရက်(ဝါခေါင်လပြည့်ကျော်၁၂ရက်)တနင်္ဂနွေနေ့တွင် ထားဝယ်အသင်းတိုက်၌ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ထားဝယ်သူ ထားဝယ်သားများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို အသင်းတိုက်ဖုန်း-၂၂၂၂၁၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၇

အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာ သဒ္ဓမ္မ ဇောတိကဓဇ) ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ် သည့် (၁၆၃) ကြိမ်မြောက် အနာဂါမ် သက်ကြီး ဝိပဿနာ ခုနစ်ရက်တရား စခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ ဆရာသက်ကြီး ဝိပဿနာ ဓမ္မရိပ်သာ၌ ဩဂုတ်၂၂ရက် ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီ များသည် ဖုန်း-၂၅၄၉၀၆ နှင့် ၀၅၆-၂၁၄၃၂ တို့သို့ ဆက်သွယ်စာရင်းပေး သွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့် မည့်နေ့ ညနေ၃နာရီထက် နောက်မကျ စေဘဲ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာ နည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် သို့ လာရောက်ကြပါက မော်တော် ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်းသိရသည်။ **(က-ပ)**

ကမ္ဘာတစ်ဝန်းသောက်သုံးရေချွေတာသုံးရန်လိုအပ်နေ

ကမ္ဘာ့ချမ်းသာသော နိုင်ငံများ အနေဖြင့် သောက်သုံးရေရှားပါးပြတ် လပ်မှုနှင့် ပိုမိုရင်ဆိုင်ရတော့မည်ဖြစ် ကြောင်း ကမ္ဘာတစ်ဝန်းသဘာဝထိန်း သိမ်းရေးရန်ပုံငွေအဖွဲ့(ဒဗလျူဒဗလျူ အက်ဖ်)အစီရင်ခံစာ၌ သတိပေးဖော် ပြလိုက်သည်။

ဦးတည်လုပ်ဆောင်နေ

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှု နှင့် အဆိုပါနိုင်ငံများ၏ ရေအရင်း အမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်း သည် ရေပြတ်လပ်ရှားပါးရေး အနေ အထားသို့ရောက်ရှိအောင် ဦးတည် လုပ်ဆောင်နေသလိုဖြစ်နေကြောင်း ယင်းအစီရင်ခံစာ၌ ဖော်ပြသည်။

နှိုးဆော်တိုက်တွန်း

ကမ္ဘာ့နိုင်ငံအသီးသီးတို့အနေဖြင့် သောက်သုံးရေကို ချွေတာသုံးစွဲကြ ရန် တိုက်တွန်းလိုက်ပြီး သက်တမ်း ရင့်နေပြီဖြစ်သော ရေဖြန့်ဖြူးရေး အခြေခံအဆောက်အအုံများကို ပြင် ဆင်ကြရန် လိုအပ်လျက်ရှိကြောင်း၊ ထိုသို့ ပြုပြင်မှုနှင့် အသစ်တည် ဆောက်မှု လုပ်ဆောင်ကြရန်လိုအပ် သလို ကမ္ဘာ့ရေထုညစ်ညမ်းမှုမဖြစ် အောင် ကာကွယ်ထိန်းသိမ်းခြင်းဖြင့် ချမ်းသာသောနိုင်ငံများက စံနမူနာပြ လုပ်ကိုင်ကြရန်လည်း ကမ္ဘာတစ်ဝန်း သဘာဝ ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ က နှိုးဆော်တိုက်တွန်းထားသည်။

ယခုအခါ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုတို့ကြောင့် သောက်သုံး ရေရှားပါးပြတ်လပ်မှုကို ဥရောပ တောင်ပိုင်းဒေသများတွင် ကြုံတွေ့ နေကြရပြီဖြစ်သကဲ့သို့ အလယ်ပိုင်း ဒေသ မြောက်ပိုင်း၌လည်း ရေခဲမြစ် များ အရည်ပျော်ကျမှုများနှင့်လည်း ကြုံတွေ့နေရသည်။

ထောက်ပြ

ဒဗလျူဒဗလျူအက်ဖ် အနေ ဖြင့် ကမ္ဘာ့ရေ ရက်သတ္တပတ်အမှီ ဂျီနီဗာ၌ ဤအစီရင်ခံစာကို ထုတ်ပြန် လိုက်သည်ဖြစ်ရာ စီးပွားရေး ကောင်း မွန် ချမ်းသာခြင်းရှိနေသည့် နိုင်ငံများ အနေဖြင့် အလိုအလျောက် ရေပေါ ရေလျှံနေသည်ဟူ၍ အဓိပ္ပာယ် မဖွင့် ဆိုနိုင်ကြောင်းဖြင့်လည်း ထောက်ပြ ထားသည်။

ဖော်ပြ

ဟူစတန် သို့မဟုတ် ဆစ်ဒနီ ကဲ့သို့သော ကမ္ဘာ့အချမ်းသာဆုံး မြို့ကြီးအချို့မှာ ရေကို လိုအပ်သည် ထက် ပိုမိုသုံးစွဲနေကြသည်ဟုလည်း ဒဗလျူ ဒဗလျူ အက်ဖ်က ထုတ်ပြန် သော အစီရင်ခံစာ၌ ဖော်ပြထားသည်။

(ကိုးကား-အင်တာနက်)

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဩဂုတ် ၁၇

လွန်ခဲ့သော (၂၄)နာရီအတွင်းက ကချင်ပြည်နယ်နှင့် မကွေးတိုင်း တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်း တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာ အနှံ့အပြားမိုးရွာခဲ့ပြီး ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာ ကွက်၍ မိုးကြီးခဲ့သည်။

ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ချန်ဒါ ဘာလီမြို့အနီးမှ ဖြတ်ကျော် ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ် ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်း နေသည်။

ဩဂုတ် ၁၈ရက် ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေး တိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်း တိုင်းအထက်ပိုင်းတို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာ အနှံ့အပြားမိုးရွာပြီး ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာ ကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိတိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်း မည်ဟုသိရသည်။ (မြန်မာ့အလင်း)

ဗိုလ်တထောင်မြို့နယ်၌ တိုက်ခန်းတစ်ခန်းမီးလောင်

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄)ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် ၅၄လမ်းထိပ်ရှိ အမှတ် ၁၆၃/၁၆၉ လှဘုရင်ပရိဘောဂတိုက်ခန်း၌ ယနေ့ ည ၉ နာရီ မိနစ် ၅၀တွင် လျှပ်စစ်မီး ဝါယာရှော့ဖြစ်ရာမှ မီးစတင်လောင် ကျွမ်းကာ ည ၁၀ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးစတင် လောင်ကျွမ်းလျှင် လောင်ကျွမ်းချင်း တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ကားများရောက်ရှိပြီး မီးငြိမ်း သတ်ခဲ့သဖြင့် မီးစတင်လောင်ကျွမ်း ပြီး နာရီဝက်ခန့်တွင် မီးထိန်းနိုင်ခဲ့ကာ ၄၅မိနစ်အတွင်း မီးငြိမ်းသတ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ အဆိုပါ အိမ်တစ်လုံးသာ မီးလောင်ကျွမ်းခံရကြောင်းနှင့် အခြား သို့ကူးစက်ပျံ့နှံ့ လောင်ကျွမ်းခဲ့ခြင်း မရှိကြောင်းသိရသည်။

မီးလောင်ကျွမ်းမှုကြောင့် အိမ်နှင့် ပရိဘောဂများ ပျက်စီးဆုံးရှုံးခဲ့သော် လည်း လူအသေအပျောက်မရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ကသာမြို့နယ် ယင်းခဲကြိုးဝိုင်းနှင့် မဘိမ်းမြို့နယ် ငါးအိုးကြိုးဝိုင်းဧရိယာများ ကျွန်းနှင့်အင် ရောနှောပေါက်ရောက်သော တန်ဖိုးမြင့်သစ်တောများဖြစ်၍အလေးထား

နေပြည်တော် ဩဂုတ် ၁၇

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဩဂုတ် ၁၃ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ် မဘောရှူဒေါင်ကျေးရွာအနီး ပိတောင်ကြိုးဝိုင်းအတွင်း ကချင်ပြည်နယ် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစီအမံဖြင့် စိုက်ပျိုးထားသည့် ပုဂ္ဂလိကကျွန်း၊ ပျဉ်းကတိုး စိုက်ခင်း ဧက၁၅၀၀သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ကချင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဒင်နှင့် လုပ်ငန်းရှင် ဦးကရိန်လဆန်တို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကိုမှာကြားပြီး ကျွန်းပင်များပျိုးထောင်ထားမှုနှင့် ကျွန်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

စိုက်ပျိုးထားရှိ

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ပိတောင်ကြိုးဝိုင်းအတွင်းသီရိ ဘက်စုံစိုက်ပျိုးရေးကုမ္ပဏီ၏ ကျွန်းနှင့် ကြက်ဆူပင်ရောနှောစိုက်ခင်း ဧက ၂၀၀၀ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၄ရက်တွင် ကသာမြို့နယ် ယင်းခဲကြိုးဝိုင်းနှင့် မဘိမ်းမြို့နယ် ငါးအိုးကြိုးဝိုင်း သဘာဝတောထိန်းဧရိယာသို့ရောက်ရှိရာ ကချင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဒင်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အဆိုပါ ကြိုးဝိုင်းများသည် ကျွန်းနှင့်အင် ရောနှောပေါက်ရောက်သော တန်ဖိုးမြင့် သစ်တောကြိုးဝိုင်းများဖြစ်သည့်အပြင် ဧရာဝတီမြစ်နှင့် ရွှေလီမြစ်ဆုံရာ ရေဝေ ရေလဲ ဧရိယာများဖြစ်သည့်အတွက် လက်ရှိ ကြံစိုက်ခင်း ကျူးကျော်သူများကို လက်ရှိအတိုင်းထားပြီး နောက်ထပ် မကျူးကျော်စေရေးအတွက် အလေးထား ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် မဘိမ်းမြို့နယ် နမ့်မဲကြိုးဝိုင်းအတွင်း သစ်ထုတ်ကုမ္ပဏီများမှ နိုင်ငံတော်အတွက် ထူထောင်ပေးထားသော ကျွန်းဧက ၂၀၀၀ စိုက်ပျိုးထားသည့် ရှင်းလင်းဆောင်သို့ ရောက်ရှိ၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)ပြည်နယ်အရာရှိ ဦးသန်းမြင့်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် ပျိုးဥယျာဉ်နှင့် စိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် ထီးချိုင့်မြို့နယ် အင်ဒေါင်ကြိုးဝိုင်း ၂၀၀၅-၂၀၀၆ခုနှစ် ကျွန်းအထူးစိုက်ခင်း ဧက၅၀၀သို့ ရောက်ရှိ၍ စစ်ကိုင်းတိုင်း ညွှန်ကြားရေးမှူး ဦးရဲတင့်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး စိုက်ခင်းအတွင်းကျွန်းနှင့်ပဲများ ရောနှော စိုက်ပျိုးမှုကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

မိုးညှင်းအရှင်ဣန္ဒကတရားပွဲ

ရန်ကုန် ဩဂုတ် ၁၇

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီး၌ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ်ဆရာတော် မိုးညှင်းအရှင်ဣန္ဒက(ဓမ္မာစရိယ) သည် ဝါဆိုလပြည့်ကျော် ၁၄ ရက် ဩဂုတ် ၂၂ရက် (အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းနှင့် ဆရာတော်အား ဝါဆိုသင်္ကန်းများ ကပ်လှူမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၇)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၇

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၇)ကို ထုတ်ဝေဖြန့်ချိ လိုက်သည်။ **(ယာပုံ)**

အဆိုပါ ဂျာနယ်တွင် သျှင်ပညာဇောတ၏ သီလသည်အမြင့်မြတ်ဆုံး ကိုယ်ကျင့် တရား၊ လယ်တွင်းသား စောချစ်၏ ရွာဝန်းကျင်မှာ စားစရာ၊ တက္ကသိုလ်မြတ်သူ၏ ဥပဒေလိုက်နာ ဘေးကင်းကွာ၊ တက္ကသိုလ်တင်ခ၏ ပုဂံခေတ်၏ ပြည်ထောင်စုစိတ်ဓာတ်၊ သာဂဒိုး၏ ဆီးချိုသွေးချိုနှင့် စူလာနဖာ၊ ရည်မွန်အောင်(ပြည်တက္ကသိုလ်)၏ တိရစ္ဆာန်ရောဂါဆေးကုပညာ ကဏ္ဍ၊ အောင်စိုး (တိရစ္ဆာန်ဆေးကု ဆရာဝန်)၏ ကျေးလက်ပြည်သူတို့၏ ကိုယ်စား၊ ဖိုးထွေး (စိုက်ပျိုးရေး)၏ မြန်မာ့ကွမ်းသီးစိုက်ပျိုးနည်း၊ မောင်ကောင်းယဉ်၏ သစ်လယ်ယာလုပ်ငန်းသြော်ဂဲနစ်နည်းဖြင့် မြေဩဇာကောင်းမွန်အောင် ပြုပြင်ခြင်း၊ ကထိက ဒေါ်မြင့်သန်း၏ ကေန်မုချအောင်ကို အောင်ရမည်၊ ခင်သစ္စာကျော် (မဟာဝိဇ္ဇာ)၏ ထိန်းသိမ်းစို့လေ၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၏ ကျန်းမာရေးဆောင်းပါး၊ မောင်စံဖြူ၏ စကား အပြောအဆို၊ ကြက်ခြေနီ ကြည်ကြည်၏ ခါးနာခြင်းဝေဒနာ၊ ဒေါ်ခင်မျိုးလှ၏ မင်္ဂလာ ၁၂ပါး၊ ဝါဝါစန်း(ပညာရေး)၏ ဂုဏ်ယူပါတယ် ပုဏ္ဏားကျွန်းရယ်၊ မရွှေမှုံ၏ သဘော်သီးသုပ်၊ ဓာတ်ပုံခင်ဇော်(ဇီးကုန်း)၏ သက်ရှည်ကျန်းမာရေးအတွက် ဆေးတစ်ခွက်၊ နှင်းအေး (စီးပွားရေး)၏ ကုန်ဈေးနှုန်းသတင်း၊ ဆင်ဖြူကျွန်းအောင်သိန်း၏ ဝတ္ထုတိုကဏ္ဍ၊ နန္ဒာမိုးကြယ်၏ ဟာသကဏ္ဍ၊ မင်းသူ့ကျော်၏ ရုပ်ရှင်ဗီဒီယိုကဏ္ဍ၊ မောင်မောင်စိုးသက်၏ အားကစားကဏ္ဍ၊ CE ၏ အင်္ဂလိပ်စကားပြောကဏ္ဍ၊ ကေတုနီလာ၊ မြတ်ရည်မွန်တို့၏ကဗျာများ၊ ဆြာစန်း၏ ဗေဒင်ကဏ္ဍ၊ ကျေးလက်သတင်းများ၊ မိုးလေဝသအခြေအနေ၊ မောင်မောင်ညွှက်၏ ကာတွန်းကဏ္ဍစသည်တို့ဖြင့် စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

အပူပိုင်းဒေသ သစ်တောစိုက်ခင်းတည်ထောင်ခြင်းစီမံချက် မြန်မာ-ဂျပန် စာချွန်လွှာလက်မှတ်ရေးထိုးလဲလှယ်

နေပြည်တော် ဩဂုတ် ၁၇

အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nobutake Odano တို့သည် ယနေ့နံနက် ၉နာရီက နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ အပူပိုင်းဒေသ သစ်တောစိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာ စီမံချက်အတွက် ယန်းသန်း ၃၃၀ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို လက်မှတ်ရေးထိုးပြီး လဲလှယ်ကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းညိမ်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သီတဂူကြယ်တစ်ပွင့်၏ ဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၁၇

မန္တလေး ပြည်ကြီးတံခွန် တံခွန်တိုင်-တမာတန်း-ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာန နာယကသာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂နာရီက ညောင်ပင်ဝန်းရွာ စစ်ကိုင်းမြို့နယ်၊ ၂၁ရက်ည ရေနံ့သာရွာ မတ္တရာမြို့နယ်၊ ၂၂ရက် မွန်းလွဲ ၁နာရီ ရွှေလှေစုရပ် အနောက်ပြင် မန္တလေးနှင့် ၎င်းည ၇နာရီ သပြုရပ် စိန်ပန်းရပ် မန္တလေး၊ ၂၆ရက် ည လေးကျွန်းမာရ်အောင် ဗုဒ္ဓပူဇနိယသောတာပန်ရပ် စစ်ကိုင်းမြို့၊ ၂၇ရက် ည ဆားတောင်နီရွာ ဝက်လက်မြို့နယ်၊ ၂၈ရက် ည ရုံးပင်ကုန်းရွာ ဝက်လက်မြို့နယ်၊ ၂၉ရက်ည ပွင့်လန်းဓမ္မာရုံ ရွှေဘိုမြို့၊ ၃၀ရက် မွန်းလွဲ ၁နာရီ သီတဂူကမ္ဘာ့တက္ကသိုလ် စစ်ကိုင်းနှင့် ၎င်းည ဆုတောင်းပြည့်ဘုရား မန္တလေး၊ ၃၁ရက်ည ရွှေပြည်ကြီးဓမ္မာရုံ ၁၉လမ်း မန္တလေးတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဩဂုတ် ၁၇ ရက်၌ မိုးရွာသွန်းလေသမျှ

ပုသိမ်	၄ ဒသမ ၇၂ လက်မ
မြိတ်မြို့	၄ ဒသမ ၀၂ လက်မ
ထားဝယ်	၂ ဒသမ ၄၁ လက်မ
သထုံ	၂ ဒသမ ၃၇ လက်မ
မန္တလေး	၂ ဒသမ ၀၄ လက်မ

ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်အသစ် မိတ်ဆက်သရုပ်ပြ

ရန်ကုန် ဩဂုတ် ၁၇

Noritsu Singapore Pte Ltd. နှင့် Accel International Co., Ltd.တို့မှ တင်သွင်းသော Noritsu အမျိုးအစား QSS ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်အသစ် မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ Accel International Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Alvin Law က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Noritsu S'pore Pte Ltd. မှ Regional Sales Manager Mr. K.B Leong က အမှာစကားပြောကြားသည်။

လက်တွေ့ပြသ

ထို့နောက် Accel International Co., Ltd. မှ ဦးသီဟဇော်က ထုတ်ကုန်ပစ္စည်းအသစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး Noritsu QSS 3501 Digital စက်အသစ်ဖြင့် လက်တွေ့ပုံများ ကူးယူထုတ်လုပ် ပြသသည်။

Accel International Co., Ltd. မှ တင်သွင်းသော Noritsu အမျိုးအစား ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်သည် ဒစ်ဂျစ်တယ်ကင်မရာအသုံးပြုသူများ၊ ဒစ်ဂျစ်တယ်မီဒီယာများမှတစ်ဆင့် ပုံထုတ်ယူလိုသူများ၊ ဓာတ်ပုံများကို CD သို့ ကူးယူသိမ်းထားလိုသူများ၊ ကုမ္ပဏီလုပ်ငန်းသုံးဖိတ်စာများ၊ စီးပွားရေးလုပ်ငန်းသုံးကတ်အမျိုးမျိုး Greeting Card, Name Card, Birthday Card များကို အချိန်တိုအတွင်း လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်သည်။ အနံ့ရှစ်လက်မမှ အလျား ၂၄လက်မအထိ ပုံကြီးချဲ့ ကူးယူနိုင်သည်။

ယခုမိတ်ဆက်သရုပ်ပြသော Noritsu အမျိုးအစား QSS-3501 စက်သစ်ကြီးဖြင့် ရန်ကုန်မြို့ အမှတ် ၉၁၊ အနော်ရထာလမ်း၊ ၃၉ လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြားရှိ Channel Digital Lab ၌ ကူးယူနိုင်ပြီဖြစ်သည်။

Accel International Co., Ltd. မှ Noritsu Digital ဓာတ်ပုံကူးစက်နှင့် အခြား Noritsu ဓာတ်ပုံ ကူးစက်၊ Noritsu ဖလင်ဆေးစက် အမျိုးမျိုးကိုလည်း တင်သွင်းရောင်းချပေးနေပြီး ဓာတ်ပုံဆိုင်လုပ်ငန်းလည်ပတ်သည်အထိ တာဝန်ယူ ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။ ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်း အမှတ် (၄၂၂-၄၂၆) ဆဋ္ဌမထပ် သစ်တောဖက်စပ်ကူးသန်းရောင်းဝယ်ရေး အဆောက်အအုံ ဖုန်း-၂၀၂၀၉၂၊ ၂၀၂၀၉၆ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဩဂုတ် ၁၆ရက်က ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် ရေကြောင်းဌာန ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်များ မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၀၆) သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (ပို့ဆောင်ရေး)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) ပန်ဆန်းမြို့ တိုင်းရင်းသားခေါင်းဆောင်များက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ၊ သံအမတ်ကြီးများနှင့် ပြည်တွင်းပြည်ပသတင်းစာ ဆရာများအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ အထွေထွေအတွင်းရေးမှူး ဦးမင်းအိမ်နှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူလေးများက မိုင်းလားမြို့ အားကစားကွင်းတွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် မော်တော်ယာဉ်များဖြင့် မိုင်းလားမြို့ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) ရုံးချုပ်သို့ ရောက်ရှိကြပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)မှ တိုင်းရင်းသား ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အထူးဒေသ(၄)မှ တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့ ဒေသအတွင်းမူးယစ်ဆေးဝါးချုပ်ငြိမ်းပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့်ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အဖွဲ့ဝင်များအဖြစ်လိုက်ပါလာကြသည့် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက မိုင်းလားအထူးဒေသ(၄) ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအလိုက် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ တိုင်းရင်းသားခေါင်းဆောင်များအား ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

လက်ဆောင်ပစ္စည်းများပေးအပ်

ယင်းနောက် အတွင်းရေးမှူး(၁)သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထူးဒေသ(၄)မှတိုင်းရင်းသားခေါင်းဆောင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) ပန်ဆန်းမြို့သို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ပန်ဆန်းမြို့မှ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ တန့်ယန်းတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်မြင့်နှင့် တပ်မတော်အရာရှိများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံနှင့် တိုင်းရင်းသား ခေါင်းဆောင်များ၊ ပန်ဆန်းမြို့ရှိ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ပန်ဆန်းမြို့မှ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပန်ဆန်းမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းသားများအတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို ကျောင်းအုပ် ဦးထိန်ဝင်းထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပန်ဆန်းမြို့ မစ်ဇင်ဟိုတယ်သို့ သွားရောက်ကြပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)မှ တိုင်းရင်းသားခေါင်းဆောင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် အဖွဲ့ဝင်များအဖြစ်လိုက်ပါလာကြသည့် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက 'ဝ'အထူးဒေသ(၂) ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနများက ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ညှိနှိုင်း စီမံပေးသည်။

ဆန်အိတ်များပေးအပ်

တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံနှင့် တိုင်းရင်းသားခေါင်းဆောင်များအား တောင်သူများအတွက် ဆန်အိတ်နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

အထူးဒေသ(၂) လက်ဆောင် ပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ တိုင်းရင်းသား ခေါင်းဆောင်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ဗိုလ်ချုပ်ရဲမြင့်နှင့် တိုင်းမှူးတို့က တိုင်းရင်းသားခေါင်းဆောင်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပန်ဆန်းမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားတွင် သင်တန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲတွင် 'ဝ'အထူးဒေသ(၂)မှ တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့ဒေသအတွင်း မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တက်ရောက်

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပန်ဆန်းမြို့၌ ကျင်းပသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ တိုင်းရင်းသားခေါင်းဆောင်များအား ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စများ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ဗုဒ္ဓဂယာမဟာဗောဓိစေတီတော်ကြီး စိန်ဖူးတော်နှင့်ထီးတော်ရွှေသက်န်းကပ်လှူပူဇော် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ဗုဒ္ဓဂယာမြေမြတ်မဟာ၌ သီရိဓမ္မာ သောကမင်းကြီးနှင့် ရှေးမြန်မာမင်းများ တည်ထားကိုးကွယ်အပ်သော မဟာဗောဓိစေတီတော်ကြီး၏ ထီးတော်အထွတ်၊ စိန်ဖူးတော်အမွတ်ကို မြန်မာနိုင်ငံမှ ဆရာလေးဒေါက်တာမောင်ဦးနီနှင့် ဆရာလေးဒေါက်တာဓမ္မဝိဇယ(နီပေါနိုင်ငံ)တို့က ဦးစီး၍ ရွှေသက်န်းကပ်လှူခြင်း အောင်မြင်စွာတင်လှူနိုင်ခြင်း ကုသိုလ်ထူးအတွက် အမျှဝေရေစက်ချ အခမ်းအနားနှင့် တိပိဋက ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု စစ်ကိုင်းဆရာတော် သဒ္ဓနာဘိဝံသထံမှ ဩဝါဒ အနုမောဒနာခံယူခြင်းကို ဩဂုတ်၁၆ရက်က ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ ဓမ္မမောဠိဝိဟာရသီလရှင်ကျောင်း၌ ကျင်းပကြောင်းသိရသည်။ **(က–ပ)**

နိုင်ငံတော်၏စက်မှုလုပ်ငန်းများအထောက်အကူဖြစ်မည့်ဘာသာရပ် စက်မှုသင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းများထည့်သွင်းရေးဆွဲ

လက်ဆောင် ပစ္စည်း ပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ တိုင်းရင်းသား ခေါင်းဆောင်များအား လက်ဆောင် ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၇

အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၁၂ရက်က မကွေးတိုင်း ပခုက္ကူခရိုင်ရှိ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ စက်နှင့်စက်ကိရိယာထုတ်လုပ်မှုစက်ရုံစီမံကိန်းသို့ ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့စက်ရုံနှင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကြည်က အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် စက်ရုံလမ်းများဖောက်လုပ်ပြီးစီးမှုများကိုလည်းကောင်း၊ မြန်မာ့စက်မှုလုပ်ငန်းများစီမံကိန်းညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မင်းက မြေနေရာသတ်မှတ်ထားရှိမှုနှင့်မြေပြုပြင်ပြီးစီးမှုများကိုလည်းကောင်း၊ မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်းက စီမံကိန်းနယ်မြေအတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရန်လျာထားမှုနှင့် စိုက်ပျိုးပြီးစီးမှုများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက စက်ရုံချဉ်းကပ်လမ်းနှင့် စက်ရုံအတွင်းလမ်းများကို သတ်မှတ် ခံနိုင်ဝန်ရှိစေရန် စနစ်တကျ ကြပ်မတ်ဖောက်လုပ်ရေး၊ စက်ရုံ၏ အကွက်ချပုံစံကို မြေအနေအထားအရ ရေးဆွဲသတ်မှတ်ရေး၊ လုပ်ငန်းအကောင်အထည်ဖော်ရန် အချိန်ဇယားများ ရေးဆွဲ၍ တစ်ဆင့်ပြီး တစ်ဆင့်ဆောင်ရွက်သွားရေး၊ ခြံစည်းရိုး ကြက်ဆူပင်များကို သတ်မှတ်ကေပြည့်မီအောင် စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် စက်နှင့်စက်ကိရိယာထုတ်လုပ်မှုစက်ရုံ၏ အလုပ်ရုံတစ်ရုံချင်းအလိုက် တည်ဆောက်မည့် နေရာများကို လည်းကောင်း၊ လမ်းများဖောက်လုပ်ထားရှိမှုနှင့် မြေပြုပြင်ထားရှိမှုတို့ကို လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်း တင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဩဂုတ် ၁၃ ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၏ စက်မှုသင်တန်းကျောင်း (မန္တလေး) တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး ဝန်ကြီးက စက်မှုသင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတော်၏ စက်မှုလုပ်ငန်းများ အထောက်အကူ ဖြစ်စေမည့် ဘာသာရပ်များ ထည့်သွင်းရေးဆွဲရန်၊ယင်းသို့ရေးဆွဲရာတွင်ဆက်နွှယ်လျက်ရှိသည့်အခြားဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ သင်ရိုးညွှန်းတမ်းပြုစုရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် စက်မှုသင်တန်းကျောင်း (မန္တလေး)တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက စာသင်ဆောင်များကို သတ်မှတ်ရက်အတွင်း ပြီးစီးစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ဆောက်လုပ်ရေး ပစ္စည်းများကို သုံးစွဲရာတွင် အလေအလွင့် မဖြစ်စေရေး ကြပ်မတ်ရန်၊ သုံးစွဲရာတွင်လည်း စိစစ်ချွေတာ သုံးစွဲရန်၊ ကျောင်းဝင်းအတွင်းနှင့် ဝန်းကျင်တွင် စိမ်းလန်းစိုပြည်ရေးအတွက် အကွက်ချစိုက်ပျိုးရန်၊ လမ်းများကို စံချိန်စံညွှန်းနှင့်အညီ ပသာဒဖြစ်အောင် ဖောက်လုပ်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် ဩဂုတ် ၁၄ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်(မန္တလေးဘဏ်ခွဲ)သို့ရောက်ရှိပြီး ရှေးဦးစွာ ဘဏ်၏ ငွေကြေးလုပ်ငန်းများ ဆောင်ရွက်မှုများနှင့် ငွေကြေးဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး

သိန်းညွှန့်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံတို့က ဖဲကြိုးဖြတ်၍ သင်တန်းကျောင်းကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းကျောင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းအတွင်း သင်တန်းသားများ လေ့ကျင့်သင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ရာ သင်တန်းကျောင်း ကျောင်းအုပ် ဦးထိန်ဝင်းက လက်ခံသည်။

ပညာသင်ယူလျက်ရှိ

အဆိုပါ သင်တန်းကျောင်း၌ ဒေသနေတိုင်းရင်းသားလူငယ်များအား အခြေခံ အဆောက်အအုံသင်တန်း၊ အခြေခံစက်ပြင်သင်တန်း၊ အခြေခံလျှပ်စစ်နှင့် ဂဟေသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး သင်တန်းသား ၇၃ ဦးတို့ တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း သိရှိရသည်။

ရောက်ရှိ

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကျိုင်းတုံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဗန်ကောက်–ရန်ကုန်–ဗန်ကောက် ပုံမှန်ခရီးစဉ်သစ် Thai Air Asia လေကြောင်းလိုင်း စတင်ပျံသန်း

ရန်ကုန် ဩဂုတ် ၁၇

ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ရန်ကုန်မြို့တို့အကြား ပျံသန်းမည့် Thai Air Asia လေကြောင်းလိုင်း၏ ဗန်ကောက်–ရန်ကုန်–ဗန်ကောက် ပုံမှန်ခရီးစဉ်သစ် စတင်ပျံသန်းခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်၊ မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်မောင်ထွန်း၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Suphot Dhirakaosal နှင့် Thai Air Asia လေကြောင်းလိုင်းဥက္ကဋ္ဌ Mr. Arak Cholthanod တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်း လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ လေကြောင်းအာဏာပိုင်နှင့် ခရီးသွားလာရေးအာဏာပိုင်အဖွဲ့များမှ ပုဂ္ဂိုလ်များ၊ Thai Air Asia လေကြောင်းလိုင်းဥက္ကဋ္ဌ၊ Chief Executive Officer Mr. Tassapon Bejleveld နှင့် ဝန်ထမ်းများ၊ ထိုင်းခရီးသွား မြှင့်တင်ရေးသတင်းမီဒီယာများ တက်ရောက်ကြသည်။

Thai Air Asia လေကြောင်းလိုင်းသည် ဗန်ကောက်–ရန်ကုန်–ဗန်ကောက် ပုံမှန်ခရီးစဉ်သစ်ကို တစ်ပတ်လျှင် ခုနစ်ကြိမ် နေ့စဉ်ပျံသန်းမည်ဖြစ်ပြီး ရန်ကုန်မြို့သို့ နေ့စဉ် နံနက်၈နာရီတွင် ဆိုက်ရောက်၍ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့မှ ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ ထိုင်ခုံအရေအတွက် ၁၄၈ခုံပါရှိသည့် B737-300 လေယာဉ် အမျိုးအစားဖြစ်သည်။

ပျံသန်း

Thai Air Asia လေကြောင်းလိုင်းသည် ဗန်ကောက်–ရန်ကုန်–ဗန်ကောက် ပုံမှန်ခရီးစဉ်သစ်ကို စတင်ပျံသန်းနိုင်ခြင်းသည် နှစ်နိုင်ငံကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ မြန်မာ–ထိုင်း နှစ်နိုင်ငံလေကြောင်း အာဏာပိုင်အဖွဲ့များအကြား ညှိနှိုင်းသဘောတူညီထားသည့် ပျံသန်းခွင့်များအရ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပျံသန်းခြင်းဖြစ်သည်။

ယနေ့နံနက်၈နာရီ၁၇မိနစ်တွင် ဗန်ကောက်မြို့မှ ဆိုက်ရောက်လာသည့် Thai Air Asia လေကြောင်းလိုင်း၏ B737-300 လေယာဉ်ခရီးစဉ်အမှတ် FD 3770 ၏ ကနဦး ခရီးစဉ်တွင် ခရီးသည် ၁၁၄ဦးပါရှိပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှခရီးသည် ၁၃၈ဦးဖြင့် နံနက်၉နာရီ ၁၅မိနစ်တွင် ဗန်ကောက်မြို့သို့ ပြန်လည် ထွက်ခွာသွားကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ်၁၇ရက်က အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Wyoso Prodjo-Warsito နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

အလိမ္မာ စာမှာရှိ

တက္ကသိုလ် မြမဥ္ဇူ

"ညမှာထိန်လင်း၊ လပြည့်ဝန်းကို
ရေးမယ်ဆိုက၊ 'ဝ'ခေါ်သတဲ့ ဦးကြီးရဲ့။
'ဝ'ကိုနှစ်လုံး၊ ပူးလျက်သုံးက
'ထ'ခေါ်သဗျ အဒေါ်ရ။
'ထ'ကိုအောက်ဖျက်၊ အသံထွက်ကို
'က'ဆိုသတဲ့ ဦးကြီးရဲ့။
'ထ'စာလုံးကို၊ ဘယ်မှာအောက်ဖျက်
ညာထက်ဖျက်က 'လ'ခေါ်သဗျအဒေါ်ရ။
'ထ'စာလုံးရေး၊ ဘယ်မှာဘေးဖွင့်
ညာထက်ပွင့်ကို 'သ'ခေါ်သတဲ့ ဦးကြီးရဲ့။
ဦးဦးဒေါ်ဒေါ်၊ အခေါ်အဝေါ်၊ မလွဲချော်အောင်
အော်ဟစ်ခါခါ၊ ဆိုကြပါဗျ။
ဝ ထ က လ သ။ "

(သိန်းထွန်း–မြစ်ကြီးနားကောလိပ်)

အထက်ဖော်ပြပါ ကဗျာလေးကို စာရေးသူဖတ်မိရာ ရင်ထဲတွင် လှုပ်ရှားမိပါသည်။ ၁၉၆၆ ခုနှစ်က ဖြစ်ပါသည်။ တစ်မျိုးသားလုံး၏ စာတတ်မြောက်ရေးမို့ စာရေးသူတို့ မနေမနား ကြိုးစားခဲ့ကြပါသည်။ ကျောက်ပန်းတောင်းမြို့နယ် ဆောင်ပုဒ်က **"ထန်းတောညိုညို တို့နယ်ခွင်၊ ထန်းလျက်ချက်ရင်း စာကိုသင်၊ အမြင်ကျယ်မည့် ထန်းလုပ်သား၊ ခေတ်နဲ့ယှဉ်စို့လား"** ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့စနစ်၏ ဆိုးမွေတစ်ရပ်အဖြစ် အများပြည်သူတို့အတွင်း စာမတတ်သူဦးရေ ထုထည်ကြီးမားစွာရှိနေခဲ့သည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလတွင်ပါ ထိုဆိုးမွေကို ခံစားနေခဲ့ရသည်။ မြို့ပေါ်ဒေသများထက် ကျေးလက်ဒေသတို့၌ စာမတတ်သူဦးရေ ပိုမိုများပြားသည်။ အမျိုးသား စာမတတ်သူဦးရေက နည်းပါးပြီး အမျိုးသမီး စာမတတ်သူဦးရေက ပိုမိုများပြားပါသည်။

ထိုကဲ့သို့ အများပြည်သူတို့အတွင်း စာမတတ်သူဦးရေ ထုနှင့်ထည်နှင့်ရှိနေခြင်းသည် စင်စစ်အားဖြင့် နိုင်ငံတော်အတွက် အမွေဆိုးအဖြစ်၊ အနုတ်လက္ခဏာအဖြစ် ရှိနေခြင်းပင်ဖြစ်သည် သာမက ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးတွင်လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်းကောင်း ကြီးစွာသော အဟန့်အတားသဖွယ် ရှိနေခြင်းပင် ဖြစ်သည်။ဤကဲ့သို့ အဟန့်အတားသဖွယ်ဖြစ်နေသော စာမတတ်သူနှင့် ပညာဗဟုသုတ ခေါင်းပါးမှု၊ ပညာသင်ကြားပိုင်ခွင့် ဆုံးရှုံးမှုတို့ကို ဖယ်ရှားပစ်နိုင်ရေးအတွက် အများပြည်သူတို့အတွင်း စာမတတ်သူ လျော့ပါးပပျောက်ရေး၊ သို့မဟုတ် စာတတ်မြောက်ရေး လုပ်ငန်းကို ကျယ်ပြန့်နက်ရှိုင်းစွာ၊ နိုးကြားတက်ကြွ အောင်မြင်စွာ စည်းရုံးလှုပ်ရှား ကြိုးပမ်းဆောင်ရွက်ရေးသည် အရေးပါအရာရောက်သည့် သမိုင်းပေး တာဝန်ကြီးတစ်ရပ် ဖြစ်ပါသည်။

"အခြေခံပညာကို လူတိုင်းသင်ကြားခွင့် ရရှိစေရမည်"ဟူသော နိုင်ငံတော်၏ ပညာရေးမူဝါဒနှင့်အညီ အခြေခံပညာ၏ အရင်းခံပဓာနဖြစ်သော စာဖတ်တတ်မှု၊ စာရေးတတ်မှုနှင့် တွက်ချက်တတ်မှု တည်းဟူသော 'အ'သုံးလုံးကျေရေး၊ သို့မဟုတ် စာတတ်မြောက်ရေးသည် နိုင်ငံသားတိုင်းက မဖြစ်မနေ ကြိုးပမ်း အားထုတ်ဆောင်ရွက်ကြရမည့် အခြေခံအကျဆုံးသော အမျိုးသားရေးလုပ်ငန်းပင် ဖြစ်ပါသည်။

နိုင်ငံတော်၏ အမျိုးသားရေး ပညာရေးလမ်းညွှန်မှု မူဝါဒနှင့်အညီ ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် ၁၉၆၆ ခုနှစ်တွင် မြန်မာနိုင်ငံ 'အ' သုံးလုံးကျေသင်တန်း ကြီးကြပ်ညှိနှိုင်းရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး အများပြည်သူတို့အတွင်း စာမတတ်သူပပျောက်ရေး၊ သို့မဟုတ် စာတတ်မြောက်လာစေရေးအတွက် လူထုလှုပ်ရှားမှုအသွင် ပီပြင်စွာ စည်းရုံးကြိုးပမ်းအားထုတ်ခဲ့ကြသည်။

ဤမွန်မြတ်မြင့်မားလှသော အမျိုးသားပညာရေး မျှော်မှန်းချက်များနှင့်အညီ စည်းရုံးလှုပ်ရှား ကြိုးပမ်းအားထုတ်မှုကို မြန်မာနိုင်ငံ စာတတ်မြောက်ရေး မော်ကွန်း ၁၉၆၄–၁၉၈၈ အဖြစ် မှတ်တမ်းတင်ထားခဲ့ပါသည်။

မြန်မာနိုင်ငံ စာတတ်မြောက်ရေး ကြိုးပမ်းအောင်မြင်မှုအတွက် ၁၉၇၁ ခုနှစ်တွင် မိုဟာမက်ရီဇာပလာဗီဆု၊ ၁၉၈၃ ခုနှစ်တွင် နိုမာဆုများ ရရှိခဲ့ပါသည်။

ကုလသမဂ္ဂတွင် "ယူနက်စကို"အဖွဲ့ခွဲရှိသည်။ ယင်းသည် "ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့ကြီး"ဖြစ်သည်။ ယင်းအဖွဲ့ကကြီးမှူး၍ ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် အီရန်နိုင်ငံ တီဟီရန်မြို့တွင် အစည်းအဝေးကျင်းပသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက် ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ တက်ရောက်ကြပြီး အစည်းအဝေးတွင် နိုင်ငံတကာ စာမတတ်သူပပျောက်ရေး စီမံချက်ကို ရေးဆွဲချမှတ်ခဲ့သည်။ ထို့ကြောင့် စာတတ်မြောက်ရေး လှုပ်ရှားမှု ပေါ်ပေါက်အောင် ဆောင်ရွက်ပေးခဲ့သည်။ အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၈ ရက်နေ့ကို **"နိုင်ငံတကာ စာတတ်မြောက်ရေးနေ့"**ဟု သတ်မှတ်ထားပါသည်။

ယခုလက်ရှိ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းမှာ ၉၄ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်၍ ကျောင်းနေအရွယ်ကလေးငယ် ကျောင်းဝင်နှုန်းမှာ ၁၉၉၉–၂၀၀၀တွင် ၉၀ရာခိုင်နှုန်းရှိရာမှ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်စေရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တစ်မျိုးသားလုံး ပူးပေါင်းပါဝင်ပြီး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြ၍ စာတတ်မြောက်မှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာသည်မှာ ကိုယ်တွေ့မျက်မြင်ပင်ဖြစ်ပါသည်။

လက်ရှိဖြစ်ပေါ်ကျင့်သုံးနေသော ပညာရေးသည် ရိုးရိုးပညာရေးစနစ် မဟုတ်ပါ။ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ အသီးသီးကို ပညာရေးက ဖြန့်ကြက်တန်ဖိုးဖြတ်နေသော အချိန်အခါဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ နိုင်ငံတကာနှင့် ရင်ပေါင်တန်းရေရှည်တည်တံ့ဖွံ့ဖြိုးရန်အတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အမျိုးသားရေး ဦးတည်ချက်တစ်ရပ်အဖြစ် ထားရှိပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။

ထို့အပြင် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဆယ်စုနှစ်ကာလကို ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဆိုင်ရာ ကုလသမဂ္ဂဆယ်စုနှစ်အဖြစ် သတ်မှတ်ခဲ့သဖြင့် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့် ပညာရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတိုင်းမှ အစီအစဉ်များ ချမှတ်ရေးဆွဲ အကောင်အထည်ဖော်နေကြပြီ ဖြစ်ပါသည်။

ယခုအခါ ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပြည်နယ်နှင့် တိုင်းအသီးသီးက မိမိဒေသအခြေအနေနှင့် ဆီလျော်ကိုက်ညီမည့် စာတတ်မြောက်ရေး လုပ်ငန်းစီမံချက်များ ကိုယ်စီရေးဆွဲ၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ အားပေးကူညီပံ့ပိုးမှု၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဒေသအခြေအနေကို အခြေခံသော စာတတ်မြောက်ရေး လှုပ်ရှားမှုများကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ခဲ့၍ ထူးခြားစွာ အောင်မြင်မှုများ ရှိခဲ့ပါသည်။

၂၀၀၅ခုနှစ် စာတတ်မြောက်ရေးလုပ်ငန်းကြောင့် အကျိုးကျေးဇူးများစွာ ရရှိခဲ့ပါသည်။ နယ်စပ်ဒေသ 'အ'သုံးလုံး အစီအစဉ်များအရ ကချင်အထူးဒေသ၊ ရှမ်းဒေသ၊ ချင်းဒေသ၊ ပအိုဝ်းဒေသ၊ 'ဝ'ဒေသ၊ ပလောင်ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ ကယား၊ ကယန်းဒေသ၊ နာဂဒေသတို့မှ အစွန်အဖျားကျေးလက်များရှိ ယခင်က စာမတတ်သူ ၈၁၁၅ ဦးကျော် စာတတ်မြောက်ခဲ့ခြင်း၊ ပြည်နယ်နှင့် တိုင်းလုံးကျွတ် စာတတ်မြောက်ရေးစီမံချက်အရ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော နေရာဒေသများ၌ ကောက်သင်းကောက် စာတတ်မြောက်ရေးလုပ်ငန်းများကြောင့် စာတတ်မြောက်လာသူ ၁၉၅၁၇၈ဦး ရှိလာခဲ့ခြင်းတို့ ဖြစ်ပါသည်။

ယခုအခါ စဉ်ဆက်ပညာရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသော ရပ်ရွာဒေသ၊ ပညာပဒေသာဌာနပေါင်း ၈၈၇ ခု တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီလည်း ဖြစ်ပါသည်။ စဉ်ဆက်ပညာရေး အစီအစဉ်များကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ခြင်းဖြင့် အစဉ်လေ့လာသင်ယူ တွေးခေါ်ကြံဆနေသည့် မြန်မာ့လူ့အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာစေရေးကို အမျိုးသားရေးအသိစိတ်ဖြင့် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

"မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို ရှာ၍မပြတ်၊ အိမ်တွင်ဖတ်၊ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကားနေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်"ဟု ရှင်မဟာရဋ္ဌသာရ (မြန်မာ ၈၃၀–၈၉၂)က လက်သစ်တောင်တာဆုံးမစာတွင် ဖွဲ့ဆိုခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ယနေ့ပညာရေးတွင် မြို့ကြီးပြကြီး ဒေသများတွင်သာ စာတတ်သော ပညာတတ်များ ပေါ်ပေါက်လာအောင် ဆောင်ရွက်နေသည် မဟုတ်ပါ။ လူဦးရေရာခိုင်နှုန်း ၇၀ ကျော် နေထိုင်သော မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများပါမကျန် စာပေပညာ၊ နည်းပညာများ တတ်မြောက်စေရန် ကျေးရွာပညာဘဏ်တိုက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ပြန်ကြားရေးဝန်ကြီးဌာနမှဦးဆောင်၍ တစ်နိုင်ငံလုံး ဖွင့်လှစ်လျက်ရှိရာ ယခုအချိန်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၄၇၀၇ ရှိခဲ့ပေပြီ။

စာသည် လူ၏အသိဉာဏ်၊ အတွေ့အကြုံ၊ စိတ်ကူးစိတ်သန်းနှင့် လူမှုကိစ္စအဝဝကို မှတ်တမ်းတင်ရာပင် ဖြစ်ပါသည်။ လူသည် လူ့သမိုင်းကို စာဖြင့် မှတ်သားရမည်။ အတတ်ပညာကို စာဖြင့်သင်ကြားရသည်။ အတွေးအခေါ်ကို စာဖြင့် ဖော်ထုတ်ရသည်။ ထို့ကြောင့် လူ့လောက၊ လူ့အဖွဲ့အစည်းနှင့် ပတ်သက်သည့် အလိမ္မာတရားမှန်သမျှသည် စာမှာရှိသည်။ အလိမ္မာစာမှာရှိ ဆိုသောစကားသည် တိုတိုနှင့် ထိရောက်မှန်ကန်သော စကားဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် နိုင်ငံသားအားလုံး စာတတ်မြောက်ရေးလုပ်ငန်းကို အလေးထား၍ ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သာကေတမြို့နယ် မူလတန်းကျောင်းများသို့ စာသင်ခုံများလှူ

ရန်ကုန် ဩဂုတ် ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်အရှေ့ပိုင်း ခရိုင် သာကေတမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး စာသင်ခုံများ ပေးအပ်လှူဒါန်းသည်။

လက်ခံ

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် နံနက်၇နာရီခွဲတွင် သာကေတမြို့နယ် အမှတ်(၆) အရှေ့ရပ်ကွက် အောင်သုခလမ်းရှိ အခြေခံပညာ မူလတန်းကျောင်း အမှတ်(၈) သို့ရောက်ရှိပြီး သာကေတ မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းအမှတ်(၈)၊အမှတ်(၁၀)၊အမှတ်(၂၇)၊ အမှတ်(၂၉)နှင့် အမှတ်(၃၄) တို့သို့ စာသင်ခုံအစုံ၂၀စီ စုစုပေါင်း စာသင်ခုံအစုံ၁၀၀ကို ပေးအပ် လှူဒါန်းရာ (ယာပုံ) သက်ဆိုင်ရာကျောင်းများ ကိုယ်စား သာကေတမြို့နယ် အခြေခံပညာ မူလ တန်းကျောင်း အမှတ်(၈) ကျောင်းအုပ် ဆရာကြီး ဦးထွန်းကြည်ကလက်ခံသည်။ ထို့နောက်သာကေတမြို့နယ် အတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်အဆိုပြု လွှာ ၅၉၁စောင်ကို ကျောင်းသား ကျောင်းသူများကိုယ်စား အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁) ကျောင်းအုပ်ဆရာကြီး ဦးမျိုးဝင်းက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံသည်။ **(ယာပုံ)**

အသင်းဝင်အဆိုပြုလွှာပေး

ယင်းနောက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက စာသင်ခုံများ ပေးအပ် လှူဒါန်းခြင်းအတွက် သာကေတ မြို့နယ် ပညာရေးမှူး ဦးထွန်းကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်လှူဒါန်းသွားမည်

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်တိုင်း အတွင်းရှိ အခြေခံပညာကျောင်းများသို့ ယနေ့အထိ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက်စာသင်ခုံ၁၄၀၀ လှူဒါန်းပြီးဖြစ်ရာ ကျန်ရှိသည့် ကျောင်းများသို့လည်း ဆက်လက်လှူဒါန်းသွားမည် ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲပြိုင်ပွဲ
အောင်မြင်စွာကျင်းပနိုင်ရေး ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်
ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေး ဆက်လက်ကြိုးပမ်း

ရန်ကုန် ဩဂုတ် ၁၇

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးပြပွဲပြိုင်ပွဲအတွက် အလှူငွေပေးအပ်ပွဲနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၁၁၇) ကြိမ်မြောက်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ၁နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ တတိယအကြိမ် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းအသိပညာပေးပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းက ငွေကျပ်တစ်သိန်း၊ ဦးတင်မောင်(စန္ဒီပရဆေး)က ငွေကျပ် ငါးသိန်းငါးထောင်၊ ဦးအေးဟန် (UPG)၊ ဦးအေးဆယ်(ထွန်းဆောက်လုပ်ရေး)၊ စီးတီးရှိုင်းဆောက်လုပ်ရေး၊ ဦးမောင်မောင်ဦး(Super Coffee Mix)၊ ဦးတင်မောင်ဝင်း (ILBC)၊ ဦးစိန်းဝမ်း (Myanmar Lighting Co,.Ltd.)၊ ဦးဇော်နိုင် (ရေဘင်မျက်မှန်ဆိုင်)၊ ဦးလှမြင့် (ကေသီပန်ဆေးတိုက်)၊ ဦးမောင်မောင်ဦးနှင့်ညီများ(ဂရိတ်ဝေါဆေးတိုက်)၊ ဦးထွန်းရွှေ(ထွန်းရွှေဝါဆေးတိုက်)၊ ဦးကြည်မြင့် (Super Fine Co,. Ltd.)၊ ဦးကိုကိုထွေး(တော်ဝင်မိသားစု ကုမ္ပဏီ)၊ ဦးလှထွန်း(မန်းသီရိ စာရေးကိရိယာဆိုင်)နှင့် ကိုတင်(အီလက်ထရွန်နစ်ပစ္စည်း ရောင်းဝယ်ရေး)တို့က ငွေကျပ် ငါးသိန်းစီ အပါအဝင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာတိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးအောင်သန်းဝင်းတို့က လက်ခံကြသည်။

အမှာစကားပြောကြား

ထို့နောက် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ (၁၁၇)ကြိမ်မြောက်ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ထိရောက်စွာဆောင်ရွက်ကြရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးပြပွဲ ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးဌာနဆိုင်ရာများအားလုံး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် ယာဉ်တိုက်မှုလျော့နည်း ကျဆင်းစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ခေတ္တ ဥက္ကဋ္ဌ ဦးအောင်သန်းဝင်း၊ တွဲဖက် အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်နိုင်နှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ၂၀၀၆ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ပြပွဲ၊ ပြိုင်ပွဲကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ပညာပေးရေးနှင့် စည်းကမ်း ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ City Taxi အငှားယာဉ်များ ကြီးကြပ်ထိန်းသိမ်းမှု အခြေအနေနှင့် ယာဉ်မတော်တဆဖြစ်မှု သုတေသန ပြုစုရေး ဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ် ၄၉၅ သံဒင်း စုလမ်း ပေါက်တောရပ်ကွက် အင်းစိန်မြို့နယ်နေ ဗိုလ်မှူး မောင်မောင်တင့်(ငြိမ်း)–ဒေါ်အေးအေး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ငွေကျပ်သုံးသိန်းကိုလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လက်ခံယူစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၈–၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	Myanmar Video Rhythm
၇:၅၅	တေးဂီတအစီအစဉ်
၈:၀၀	ပြည်တွင်းသတင်းအကျဉ်း
၈:၁၀	စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
၈:၂၀	မိုးလေဝသခန့်မှန်းချက်
၈:၂၅	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (ချစ်နေရရင်ပြီးတာပဲ)
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	နိုင်ငံတကာစံချိန်မီ လက်ကိုင်အိတ်နှင့် ဖိနပ်လေးများ
၉:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၂၀	သွားမယ်၊ စားမယ် (ကောင်းလက်ရာ မြန်မာထမင်းဆိုင်)
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	မှတ်ပုံတင်က စကြြရအောင် (ထွန်းထွန်းဝင်း၊ ရတနာခင်)
၉:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၅	မိကျောင်းမျိုးဆက် မပြုန်းတီးရေးထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေး
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	Mr. & Ms. Quench 2006
၁၀:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၀၀	စွဲမက်စရာ မြန်မာ့ရွှဲခြင်းပညာ
၁၁:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀	ဆီးချိုရှိလျှင် သတိယှဉ် အစဉ်စောင့်ရှောက် သင့်ခြေထောက်
၁၁:၄၅	နမ့်မွေတံတား
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော မိုးမိတ်တိပိဋက=နိကာယကျောင်းတိုက် ဆွမ်းပဒေသာပင်အတွက် ရောဝတီတိုင်း ဖျာပုံမြို့မှ ဦးအောင်ရှိန်–ဒေါ်အုန်းမြိုင်၊ ဦးထွန်းဟံ–ဒေါ်သောင်း၊ ဦးကျင်အေး–ဒေါ်ကျင်လှ၊ ဒေါ်ဘီ၊ ဒေါ်ခင်ချိုထွေး၊ ဦးတင်ရွှေ–ဒေါ်စန်းမြင့်၊ ဦးလွန်းသောင်း–ဒေါ်တင်ရွှေ၊ သမီး မအေးဆန်း ဖျာပုံအဖွဲ့မိသားစုတို့က ငွေကျပ်၁၀သိန်း ကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထား
ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး လိုင်းသစ်တိုးချဲ့
လိုင်းဆွဲခြင်းလုပ်ငန်း အမြန်ပြီးစီးရေး တာဝန်ရှိသူများကြပ်မတ်

ရန်ကုန် ဩဂုတ် ၁၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက မြောက်ဥက္ကလာပဓာတ်အားခွဲရုံမှ ဓာတ်အားပေးနယ်မြေအတွင်း ဗို့အားမြှင့်တင်ပေးနိုင်ရေးအတွက် ၃၃ ကေဗွီ တိုးချဲ့လိုင်းသစ်တည်ဆောက်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဝန်ကြီးအား ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာချုပ် ဦးညိုဝင်းက မြောက်ဥက္ကလာပမြို့နယ်အတွင်း ဖြတ်သန်းသွားသည့် ၃၃ ကေဗွီတိုးချဲ့လိုင်းသစ်တည်ဆောက်ခြင်းလုပ်ငန်းကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တည်ဆောက်ရေးအဖွဲ့က လုပ်ငန်းများစတင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးထွန်းအေးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

အားပေးစကားပြောကြား

ယင်းနောက် ဝန်ကြီးက လိုင်းဆွဲခြင်းလုပ်ငန်းကို အမြန်ဆုံးပြီးစီးအောင်တာဝန်ရှိသူများ ကြပ်မတ်ဆောင်ရွက်သွားစေလိုကြောင်း၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးကို အလေးထားစေလိုကြောင်း၊ ပြည်သူများလျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် ယခုကဲ့သို့ လိုင်းသစ်တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး ဓာတ်အားခွဲရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ၃၃ ကေဗွီလိုင်းသစ်တိုးချဲ့ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး လျှပ်စစ်ကျွမ်းကျင်လုပ်ငန်းသားများ အားကြိုးမာန်တက် လုပ်ဆောင်နေမှုကို အားပေးစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဒေါပုံမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသစ်သို့ ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဌေးက လျှပ်စစ်ဓာတ်အားရရှိမှု၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနေမှု၊ ဝန်ထမ်းအင်အား၊ ဓာတ်အားသုံးစွဲမှု အမျိုးအစားများ၊ လျှပ်စစ်ဓာတ်အားလက်ခံယူနှစ်၊ ရောင်းချယူနှစ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးကလိုအပ်သည်များကို မှာကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးသစ်တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းသို့ ရောက်ရှိရာ မြို့နယ်ရုံးခန်းမ၌ ဝန်ကြီးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုဝင်းက မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ရရှိမှုနှင့်လိုအပ်ချက်များ၊ မီတာတပ်ဆင်ပြီးစီးမှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အား ရောင်းရယူနှစ်၊ ဓာတ်အားခကောက်ခံရရှိမှုနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားပြီး မြို့နယ်၏ ဘဏ္ဍာရေးဌာနကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဲအင်းဂူ အဓိဋ္ဌာန်တရားစခန်း

ရန်ကုန် ဩဂုတ် ၁၇

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၁၆ ရပ်ကွက် သာသနာဒီပ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်ကျင်းပသော အဓိဋ္ဌာန်တရားစခန်းပွဲကို တော်သလင်းလဆန်း ၁ ရက်မှ ၁၀ ရက်အထိ၊ (ဩဂုတ် ၂၃ ရက်မှ စက်တင်ဘာ၁ရက်)အထိ ၁၀ ရက်တိုင်တိုင် ကျေးဇူးတော်ရှင် မူလပထမ သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တ မုနိန္ဒ (ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တ ဇဋိလ (ရန်မျိုးအောင်)၊ ဘဒ္ဒန္တ သိရိန္ဒနှင့် အရှင်သုနန္ဒ (သာသနဒီပ)ဆရာတော်များက ဟောကြားမည်ဖြစ်ရာ တရားအားထုတ်လိုသူများ ဩဂုတ် ၂၂ ရက် ညနေအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်၍ လာရောက်ကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ အလှူရှင်များလည်း လာရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၄)အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၅ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းအုပ်စု ဘက်စုံထူးချွန်ပထမနှင့် မြို့နယ်ဆင့် စာစီစာကုံးဆုရရှိသူ တတိယတန်း (ဆ)မှ မောင်ချမ်းငြိမ်းဟန်အား ကျောင်းအုပ်ဆရာကြီး ဦးသောင်းရွှေက ဆုချီးမြှင့်စဉ်။ (၂၅၉)

မင်းဘူးမြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးအဖွဲ့ ပွင့်ဖြူမြို့တွင် ကွင်းဆင်းမျက်စိစစ်ဆေးခွဲစိတ်ကုသပေး

ရန်ကုန် ဩဂုတ် ၁၇

မင်းဘူးခရိုင်နှင့် ပွင့်ဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မင်းဘူးမြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း အဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ဩဂုတ် ၉ရက် နံနက်ပိုင်းက ပွင့်ဖြူမြို့ ပြည်သူ့ဆေးရုံ၌ မျက်စိစစ်ဆေးခွဲစိတ် ကုသမှုများ ဆောင်ရွက်နေမှုကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ လာရောက်ကြည့်ရှုအားပေးကာ ငွေကျပ်တစ်သိန်းလှူဒါန်းပြီး မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကလည်း ငွေကျပ်သုံးသိန်း လှူဒါန်းခဲ့သည်။

မျက်စိစစ်ဆေးကုသ

မင်းဘူးမြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းအဖွဲ့မှ မျက်စိအထူးကုဆရာဝန် ဒေါက်တာအောင်ဆန်းဝင်း၊ ဒေါက်တာဝင်းဗိုလ်သန်းနှင့် အဖွဲ့သည် ဩဂုတ် ၈ရက်က ပွင့်ဖြူမြို့ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် မျက်စိလူနာ ၅၆၉ဦးအား စစ်ဆေးကုသပေးခဲ့သည်။

မျက်စိကွင်းဆင်းခွဲစိတ်

အတွင်းတိမ်လူနာ ၃၅ ဦးကို ပွင့်ဖြူမြို့ ပြည်သူ့ဆေးရုံ၌ ခွဲစိတ် ကုသပေးပြီး မျက်ကြည်မှန်များ အခမဲ့ တပ်ဆင်ပေးခဲ့သည်။ **(အောက်ပုံ)**

ပူးပေါင်းပါဝင်

ကွင်းဆင်းမျက်စိခွဲစိတ်ကုသမှု များကို မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ပြည်သူ့ဆေးရုံဝန်ထမ်းများကလည်း ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ကျန်းမာရေး)**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၈-၂၀၀၆ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၂၅ ၉။ မအီချောင်းတံတား
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ English for Everyday Use

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
၁၇:၁၅ ၆။ နှောင်းခေတ်တေးပဒေသာ
၁၇:၃၀ ၇။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၂) ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြည်ဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၇:၄၅ ၈။ ၂၀၀၆ ခုနှစ်၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး)(ပညာရှင်အဆင့်) (အမျိုးသမီး)
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း-၁၆)
၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း-၁၂)

ဩဂုတ် ၁၃ ရက်က တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို သရက်တောကျောင်းတိုက် သာသနဝံသကျောင်း၌ ကျင်းပရာ အသင်းနာယက ဦးအောင်ကွန့်က ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိလာသတ္တအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မဟာစည် ဟိတေသီအဖွဲ့ နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဩဂုတ် ၁၇

ဗဟန်းမြို့နယ်မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့၏ အကြိမ်(၄၀) မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဩဂုတ် ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဟိတေသီဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အဖွဲ့ဝင်များမပျက်မကွက်တက်ရောက်ကြပါရန်နှင့် အဖွဲ့နှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးရန် ရှိပါက ဩဂုတ် ၂၅ရက် နောက်ဆုံးထားပြီး အမှုဆောင်အဖွဲ့သို့ ပေးပို့နိုင်ကြောင်းသိရသည်။ **(က-ပ)**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ငွေပဒေသာပင်အလှူရှင်များအား (၂၈)ကြိမ်မြောက် ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၇

နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ မွန်မြတ်သောစေတနာဖြင့် သဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့ကြသည့် ငွေကျပ်နှစ်သောင်းနှင့်အထက် ငွေပဒေသာပင် အလှူရှင်များ စုပေါင်းရေစက်ချပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုဧည့်ခံပွဲ အခမ်းအနားကို ဩဂုတ် ၂၆ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူမည်ဖြစ်သည်။

၂၀၀၅ခုနှစ် နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ၂၀၀၆ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများက လှူဒါန်းခဲ့ကြသည့် အလှူရှင်များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိမိတို့ကုသိုလ်ဒါနအတွက် ဝမ်းမြောက်ဝမ်းသာ လာရောက်၍ ရေစက်သွန်းချ အမျှပေးဝေနိုင်ရန် အုပ်ချုပ်ရေးအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဝိုင်အမ်ဘီအေအသင်း စာအုပ်များအလှူခံ

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ် ၇၇ ရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)စာကြည့်တိုက်အား တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ရာ အလှူရှင်များအနေဖြင့် မြန်မာ့စွယ်စုံကျမ်းစာအုပ် (အင်္ဂလိပ်သို့မဟုတ်မြန်မာ)နှင့် စာအုပ်မဂ္ဂဇင်းမျိုးစုံတို့ကို ကိုယ်တိုင်လာရောက်လှူဒါန်း၍လည်းကောင်း၊ အသင်းတိုက် ဖုန်း-၂၉၀၄၀၉၊ ၂၉၉ ၇၁၄နှင့် ၂၉၁၃၄၇တို့သို့ဆက်သွယ်၍လည်းကောင်း လှူဒါန်းကြပါရန် အသင်းအမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။ **(၃၅၂)**

(၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၇

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းစစ်တုရင်ပြိုင်ပွဲကို ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၃ ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ စတင်၍ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

သရုပ်ဆောင်အင်အားအပြည့်ဖြင့် မျှော်လင့်ခြင်းများစွာ ရုံဝင်လာ ကျန်းမာရေးပညာပေး ရသမြောက် ဇာတ်ကားတစ်ကားဖြစ်

ရန်ကုန် ဩဂုတ် ၁၇

စကားလုံးငြိမ်းမင်း၏ ဇာတ်ညွှန်းကို ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) ရိုက်ကူးထားသည့် **မျှော်လင့်ခြင်းများစွာ** ဇာတ်ကားမှာ ရန်ကုန်မြို့ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ယနေ့ ရုံဝင်လာသည်။

ဇာတ်လမ်းတွင် ဒေါက်တာမြင့်မိုအဖြစ် ရန်အောင်၊ ရဲမြင့်မိုအဖြစ် ဖိုးကျော်၊ ဖြူမြင့်မိုအဖြစ် စိုးမြတ်နန္ဒာ၊ ဦးအောင်နိုင်အဖြစ် ရဲအောင်၊ ဒေါ်တင်မျိုးခန့်အဖြစ် စိုးမိုးကြည်၊ စစ်နိုင်အဖြစ် နိုင်းနိုင်း၊ ခေတ်မင်းညိုအဖြစ် မင်းမော်ကွန်း၊ ဂီတစာဆို တင်ဆွေငြိမ်းအဖြစ် ဇင်ဝိုင်း၊ ဒေါ်ယဉ်ညိုအဖြစ် မေသဥ္ဇာဦး၊ ပွင့်ခတ်ဝေအဖြစ် ပန်းဖြူ၊ ဦးဘခက်အဖြစ်ထွန်းထွန်းဝင်း၊ ထူးအောင်အဖြစ် မင်းခ၊ ဒေါက်တာကောင်းဇော်အဖြစ် ဟက်ကက်တို့ပါဝင်ပြီး ဒွေးနှင့်နဝရတ်တို့က အထူးဧည့်သည် သရုပ်ဆောင်အဖြစ် ပါဝင်ထားသည်။

ဒေါက်တာမြင့်မိုက ရောဂါတိုက်ဖျက်ရေးတာဝန်ဖြင့် နယ်စပ်တွင် ရောက်နေသည်။ သားရဲမြင့်မိုနှင့် သမီးဖြူမြင့်မိုက မိဘနှင့်ဝေးနေ၍ လူငယ်ပီပီ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေကြသည်။ ဖြူမြင့်မိုက စစ်နိုင်နှင့် ချစ်ကြိုက်နေသည်။ စစ်နိုင်က ငွေကိုရေလို သုံးနိုင်သည်။ နိုင်ငံခြားတွင် မူးယစ်ဆေးစွဲဖူး၍ မြန်မာပြည်တွင်ဆေးဖြတ်ထားရသူဖြစ်သည်။ စစ်နိုင်၊ ခေတ်မင်းညိုနှင့် ထူးအောင်တို့က တီးဝိုင်း ထောင်ထားသည်။ ခေတ်မင်းညိုတွင် ပွင့်ခတ်ဝေဆိုသော ချစ်သူတစ်ယောက်ရှိသည်။ လူငယ်တို့သဘာဝအရ စစ်နိုင်မှ စခဲ့သော (AIDS)ရောဂါသည် သူငယ်ချင်းများနှင့် ချစ်သူများပါ ကူးစက်ခံရပြီး ရောဂါသည်ဘဝကျ ရောက်ခဲ့ရသည်။ နောက်ဆုံး ခေတ်မင်းညိုက ရောဂါသည်ဘဝဖြင့် ဘဝတူ ဝေဒနာရှင်များအား ကယ်ဆယ် ကူညီနိုင်ရန် ကြိုးစားဖို့ သူငယ်ချင်းများကို တိုက်တွန်းရန် ဖခင်၏ ဂန္ထဝင်မြောက် သီချင်း တစ်ပုဒ်ကို အောင်မြင်စွာ သီဆိုပြီး လောကကြီးကို ကျောခိုင်း ထွက်ခွာသွားသည်။

ဇာတ်လမ်းက ဒါပဲဖြစ်သည်။

မျှော်လင့်ခြင်းများစွာမှ ရန်အောင်၊ ဇင်ဝိုင်းနှင့် မေသဥ္ဇာဦး။

လှည့်စားဇာတ်ကားမှ ဒွေး၊ ကျော်ရဲအောင်နှင့် ခိုင်သင်းကြည်တို့၏ ဇာတ်ဝင်ခန်း။

သို့သော် ကျန်းမာရေးပညာပေး ဇာတ်ကားကို ရသမြောက်အောင်ရိုက်ကူးနိုင်သော မောင်မျိုးမင်း (ရင်တွင်းဖြစ်)ကို ချီးကျူးရမည် ဖြစ်သည်။ ဇာတ်လမ်းနှင့် ဇာတ်ကောင် ရွေးချယ်မှု အံဝင်ခွင်ကျဖြစ်သလို ဇာတ်ကောင်စရိုက်ကို ပီပြင်စွာ သရုပ်ဆောင်နိုင်သော ဝါရင့်သရုပ်ဆောင်များကိုလည်း ချီးကျူးရမည် ဖြစ်သည်။ ဇာတ်အိမ်ကြီးကြီး၊ ဇာတ်ကောင်များများကို ကိုင်တွယ် အသုံးပြုထားသော်လည်း အကူးအဆက်ကအစ ပျော့ကွက်ဟာကွက် မရှိအောင် ပိရိစွာ တင်ပြထား၍ ကျန်းမာရေး ပညာပေး ဇာတ်ကားဖြစ်သော်လည်း ရသမြောက် ဇာတ်ကားကောင်းတစ်ကား ဖြစ်၍ လူငယ်လူရွယ်တိုင်း လက်မလွှတ်တမ်း ကြည့်ရမည့် ဇာတ်ကားတစ်ကားဖြစ်ပါကြောင်း။

ပြဆဲဇာတ်ကားများ

ရွှေဆောင်ရုံတွင် **လှည့်စား** ဆက်လက်ပြသနေပြီး နေပြည်တော်ရုံတွင် FireWall အက်ရှင်ဇာတ်ကားဖြင့် ဖျော်ဖြေလျက်ရှိသည်။ တန်းမြင့်မြို့မရုံတွင် Khiladi 420 အိန္ဒိယဇာတ်ကားရုံဝင်လာပြီး ရွှေဂုန်ရုံ မြေညီထပ်တွင် Mohra ဇာတ်ကားဖြင့် တင်ဆက်လျက်ရှိသည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် ချက်စ်နောရစ်ပါဝင်သော Missing in Action ဇာတ်ကား တစ်ကျော့ပြန်ရုံဝင်လာသည်။ ဆုထူးပန်ရုံတွင် မင်းသားချော အက်ရှေးကူးမား၊ ဆာ့အစ်အလီ ခန်းနှင့် မင်းသမီးချော ရာဗီးနားတန်ဒန်နှင့် ဆိုနာလီဗင်ဒါရီ တို့ပါဝင်ထားသော ချစ်ခြင်းမေတ္တာဘွဲ့ Keemat ဇာတ်ကား ရုံဝင်လာသည်။

ဒီဗီဒီဇာတ်ကားများ

ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ် ရိုက်ကူးပြီး နေတိုး၊ ကျော်ဇောဟိန်း၊ ထွန်းထွန်း၊ ပုလဲဝင်း၊ သဇင်တို့ ပါဝင်ထားသော **ညီအစ်ကိုသူငယ်ချင်း** ဇာတ်ကားမှာ နဝဒေးရုံတွင် ရုံဝင်လာပြီး ဒါရိုက်တာ ဝင်းထွန်းထွန်း၏ **တေနသစ္စဝဇ္ဇေန ဤမှန်သော သစ္စာစကားကြောင့်** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားတွင်ရန်အောင်၊ နေထက်လင်း၊ မို့မို့မြင့်အောင်၊ မေသန်းနုနှင့် ရဝေအောင်တို့ ပါဝင်သရုပ်ဆောင်ထားသည်။ မကြာမီ ရုံဝင်လာမည် ဖြစ်သည်။ ။**(မြန်မာ့အလင်း)**

ရုပ်ရှင်သတင်းထောက်

ဝေလနှင့်ဘူလ်ဂေးရီးယားတို့ ဂိုးမရှိသရေပွဲဖြစ် ရွန်နေနှင့် ပေါလ်စခိုးတို့၏ ပွဲပယ်ပြစ်ဒဏ် အသနားခံမှုပယ်ချ

လန်ဒန် ဩဂုတ် ၁၇

ယူရို၂၀၀၈ခြေစစ်ပွဲအောင်မြင်ရေးအတွက် အကြိုခြေစမ်းပွဲအဖြစ် ဝေလနှင့်ဘူလ်ဂေးရီးယားတို့ဩဂုတ်၁၅ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။

ဝေလနှင့် ဘူလ်ဂေးရီးယားတို့ အကြိတ်အနယ်ကစားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဝေလအသင်းသည် ၄–၄–၂ ပုံစံဖြင့် ပထမပိုင်းကစားခဲ့ပြီး ပွဲချိန် ဒုတိယပိုင်းတွင် ၃–၅–၂ ပုံစံပြောင်းလဲကစားခဲ့သည်။ ဝေလအသင်း ဘူလ်ဂေးရီးယားကို အပေါ်စီးမှ ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်အခွင့်အရေးများလည်းရရှိခဲ့သည်။

ကာကွယ်

ပထမပိုင်းပွဲချိန် ၁၁ မိနစ်တွင် ဘူလ်ဂေးရီးယားအသင်း ဂိုးဧရိယာအစပ်တွင် အလွတ်တည်ကန်ဘောရရှိရာ ဝေလတိုက်စစ်မှူးနှင့် မန်ယူတောင်ပံတိုက်စစ်မှူး ရိုင်ယန်ဂစ်ကန်သွင်းသော်လည်းဘူလ်ဂေးရီးယားဂိုးသမား ဂျော်ဂီပက်ကော့ဗ် ကာကွယ်နိုင်ခဲ့သည်။

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

သရေပွဲ

ဝေလအသင်းမှ ဘယ်လာမီနှင့် ဒေးဗစ်ဘောဂန်တို့ အခွင့်အရေးကောင်းများ ရရှိခဲ့သော်လည်း ဂိုးမသွင်းနိုင်သဖြင့် ဂိုးမရှိသရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။

မန်စီးတီးမှ ဒိုင်စတင်

မစ်ဒယ်ဘရော့သို့ ပြောင်းရွှေ့ကစားမည်

ပြင်သစ်အသင်း နောက်ခံလူနှင့် မန်စီးတီးနောက်ခံကစားသမား ဆယ်ဗင်ဒိုင်စတင်သည် မစ်ဒယ်ဘရော့မှ

မစ်ဒယ်ဘရော့သို့ ပြောင်းရွှေ့မည့် ဒိုင်စတင်။ (ဓာတ်ပုံ–အင်တာနက်)

ခေါ်ယူမှုကို သဘောတူလိုက်ပြီး မန်စီးတီးကလပ်ကလည်း လက်ခံလိုက်ပြီဖြစ်သည်။

ဆွေးနွေးနေ

အသက် ၂၈နှစ်အရွယ်ရှိ ဒိုင်စတင်သည် မန်စီးတီးကလပ်သို့ လွန်ခဲ့သည့် ၂၀၀၂ခုနှစ်က ရောက်ရှိလာသူဖြစ်ပြီး ယခုအခါ မစ်ဒယ်ဘရော့ကလပ်နှင့် ပြောင်းရွှေ့ရေးကိစ္စများ အသေးစိတ် ဆွေးနွေးနေပြီဖြစ်သည်။

မန်စီးတီး ကလပ်အနေဖြင့်ဒိုင်စတင်ကို စာချုပ်သစ်တစ်ရပ် ထပ်မံတိုးချဲ့ချုပ်ဆိုရန် ပြောဆိုခဲ့သော်လည်း ဒိုင်စတင်က ငြင်းပယ်ခဲ့သဖြင့် ယခုကဲ့သို့ မစ်ဒယ်ဘရော့အသင်းက ခေါ်ယူမှုကို ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ဒိုင်စတင်သည် ပြင်သစ်ကလပ်စိန့်ဂျာမိန်းမှ ၂၀၀၂ခုနှစ်က ပေါင်ငွေ လေးသန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး မန်စီးတီး အတွက် ပွဲပေါင်း ၁၅၀ကစားပေးခဲ့သူဖြစ်သည်။

အစားထိုး

မစ်ဒယ်ဘရော့ကလည်း နောက်တန်းဗဟိုခံစစ်မှူး ဆော့ဂိတ်နေရာတွင် ဒိုင်စတင်ကို အစားထိုးကစားစေမည်ဖြစ်ကြောင်း သိရသည်။

မန်ယူ၏ အသနားခံမှုကို အက်ဖ်အေ ပယ်ချ

မန်ယူကစားသမားများဖြစ်သော ရွန်နေနှင့် ပေါလ်စခိုးတို့ နှစ်ဦးအားအက်ဖ်အေက ပွဲပယ်ပြစ်ဒဏ် သုံးပွဲချမှတ်ထားမှုအပေါ် မန်ယူ ကလပ်က အသနားခံစာတင်ပြခဲ့သော်လည်း အက်ဖ်အေက ပယ်ချခဲ့ကြောင်းသိရသည်။

ဩဂုတ် ၄ရက်က ရာသီအကြိုခြေစမ်းပွဲအဖြစ် ပေါ်တိုအသင်းနှင့် ကစားခဲ့ရာတွင် ဒတ်ချ်ဒိုင်လူကြီး ရှိုင်းဘော့ဆင်ကို ပြစ်တင်ပြောဆိုခဲ့မှုနှင့် ကစားသမားများအချင်းများခဲ့မှုကြောင့် အက်ဖ်အေက သုံးပွဲပယ်ပြစ်ဒဏ်ကို ရွန်နေနှင့် ပေါလ်စခိုးတို့အား ချမှတ်ခဲ့ခြင်းဖြစ်သည်။



ရွန်နေနှင့်ပေါလ်စခိုး။ (ဓာတ်ပုံ–အင်တာနက်)

ပယ်ချ

အဆိုပါပွဲပယ်ပြစ်ဒဏ်ကို မန်ယူအသင်းက အက်ဖ်အေထံအသနားခံစာ တင်သွင်းခဲ့သော်လည်း အက်ဖ်အေက ပယ်ချခဲ့ခြင်းဖြစ်သည်။

ပါဝင်ခွင့်မရ

ထိုပွဲပယ်ပြစ်ဒဏ်မှာ ယခုဩဂုတ် ၂၃ ရက်၌စတင်အကျိုးသက်ရောက်မည်ဖြစ်ရာ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်ဖြစ်သည့် ဖူလ်ဟမ်နှင့်ပွဲတွင် ရွန်နေနှင့် ပေါလ်စခိုးတို့ပါဝင်ကစားခွင့်ရရှိမည်ဖြစ်သော်လည်း ချာလ်တန်၊ ဝေါ့ဖိုဒ်နှင့် တော့တင်ဟမ်အသင်းတို့နှင့် ကစားသည့်ပွဲများ၌ ပါဝင်ကစားခွင့်ရရှိမည် မဟုတ်ချေ။

ဝက်စ်ဟမ်းတိုက်စစ်မှူး ဒိန်းအက်တန်

ရာသီအစပွဲစဉ်များနှင့်လွဲဖွယ်

ဝက်စ်ဟမ်းတိုက်စစ်မှူး ဒိန်းအက်တန်။ (ဓာတ်ပုံ–အင်တာနက်)

ဝက်စ်ဟမ်းတိုက်စစ်မှူး ဒိန်းအက်တန်သည် ဩဂုတ် ၁၄ရက်က အင်္ဂလန်အသင်းတွင် လေ့ကျင့်စဉ် ခြေထောက်ဒဏ်ရာရရှိခဲ့ရာ မိခင်ကလပ် ဝက်စ်ဟမ်းအတွက် ရာသီအစပွဲစဉ်များနှင့် လွဲဖွယ်ရှိကြောင်းသိရသည်။

အသက်၂၂နှစ်အရွယ်ရှိ ဝက်စ်ဟမ်း တိုက်စစ်မှူးသည် ယခုအခါ အင်္ဂလန်အသင်း တိုက်စစ်မှူး အဖြစ်လည်း ရွေးချယ်ခံထားရသူဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

အာဆင်နယ် တောင်ပံကစားသမားရေးယက်စ် ရီးရဲမက်ဒရစ်သို့ ပြောင်းရန်နီးစပ်နေ

လန်ဒန် ဩဂုတ် ၁၇

အာဆင်နယ် တောင်ပံကစားသမား ဂျို့စ်အင်တိုနီယိုရေးယက်စ်သည် ၎င်း၏အိပ်မက်တွင် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရန် ယုံကြည်ထားသည်။



ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရန် စိတ်အားထက်သန်နေသော ရေးယက်စ်။ (ဓာတ်ပုံ–အင်တာနက်)

ရေးယက်စ်၂၂နှစ်သည်ချန်ပီယံလိဂ် ခြေစစ်ပွဲအဖြစ် ဒီနာမို ဇာဂရက်အသင်းနှင့် ကစားရာ၌ ပါဝင်ကစားခွင့်မရခဲ့၍လည်း အာဆင်နယ်မှ ထွက်ခွာရန်အကြောင်း ဖြစ်စေခဲ့သည်။

အိပ်မက်

ရီးရဲမက်ဒရစ်အင်္ကျီကိုဝတ်နေသည်ဟူ၍ မက်ခဲ့သော မိမိ၏အိပ်မက်သည် အမှန်တကယ်ဖြစ်လာလိမ့်မည်ဟု ရေးယက်စ်က ပြောကြားသည်။

ရေးယက်စ်အား ပြီးခဲ့သော သီတင်းပတ်က ချန်ပီယံလိဂ်ခြေစစ်ပွဲအပြီး အာစင်ဝင်းဂါးက အသင်းမှ ထွက်ခွာခွင့်ပေးလိုက်ပြီဖြစ်သည်။

ရောင်းချဖွယ်

အာဆင်နယ်က ၎င်းကစားသမားအား ဘတ်တစ္စတာနှင့် အလိုက်ပေး၍ လဲဖွယ်ရှိသည်။ ရေးယက်စ်သည် ၂၀၀၄ ခုနှစ်က ဆီဗီလာမှ အာဆင်နယ်သို့ ပြောင်းရွှေ့လာခဲ့သည်။ အာဆင်နယ်က ရေးယက်စ်အား ပေါင် ၁၆ သန်းဖြင့် ရောင်းချဖွယ်ရှိသည်။ **(အင်တာနက်)**

ရေးသားတင်ပြသူ

မြင့်မောင်စိုး

မိုက်ကယ်ဘောလက်နှင့် အက်ဆိန်း ပရီမီယာလိဂ် အဖွင့်ပွဲဆင်နွှဲရန် မျှော်လင့်

လန်ဒန် ဩဂုတ် ၁၇

ချယ်လ်ဆီးကွင်းလယ်ကစားသမားများဖြစ်ကြသည့် မိုက်ကယ်ဘောလက်နှင့် မိုက်ကယ်အက်ဆိန်းတို့သည် ဒဏ်ရာများအသီးသီးရရှိထားကြသော်လည်း ပရီမီယာလိဂ်အဖွင့်ပွဲတွင် ပါဝင် ကစားနိုင်ဖွယ်ရှိကြောင်း ချယ်လ်ဆီးကလပ်က ပြောကြားသည်။

ဘောလက်သည် လီဗာပူး အသင်းနှင့် ကွန်မြူနတီဒိုင်းလုပွဲတွင် တင်ပါးဒဏ်ရာရရှိခဲ့သည်။ ဩဂုတ်၂၀ ရက်တွင် မန်စီးတီးအသင်းနှင့် အဖွင့်ပွဲကစားရမည်ဖြစ်၍ အချိန်မီ ဒဏ်ရာမှ သက်သာပျောက်ကင်းရေး အတွက် ကုသမှုခံယူလျက်ရှိသည်။

"ကျွန်တော်ဘာဖြစ်တယ်ဆိုတာကို အားလုံးကစောင့်ကြည့်နေကြပါတယ်၊ ဒါပေမယ့် အဖွင့်ပွဲနေ့မှာ ကျွန်တော် ပါဝင်ကစားနိုင်ဖို့ အဆင်သင့်ဖြစ်လိမ့်မယ်လို့မျှော်လင့်ပါတယ်"ဟုဘောလက်က ပြောကြားသည်။

မိုက်ကယ် အက်ဆိန်း။

မိုက်ကယ်ဘောလက်။

အလားတူ မိုက်ကယ်အက်ဆိန်းကလည်း လက်ကောက်ဝတ်ကျိုးနေရာမှ ပြန်ကောင်းလာပြီဖြစ်ကြောင်း ပြောကြားသည်။ လီဗာပူးနှင့် ကစားစဉ် ယင်းဒဏ်ရာရခဲ့သော်လည်း မိမိ၏ ကစားခြင်းကို ရပ်တန့်သွားလိမ့်မည် မဟုတ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ကမ္ဘာ့ဖလားတွင် ဂါနာအသင်းမှ ခြေစွမ်းပြခဲ့သည့် အသက် ၂၃နှစ်ရှိ အက်ဆိန်းက မကြာမီ ချယ်လ်ဆီးအသင်း ဆက်လက်အောင်ပွဲခံနိုင်ရေး အတွက် အကောင်းဆုံး ကစားသွားမည်ဖြစ်ကြောင်း ပြောဆိုသည်။ **(အင်တာနက်)**

ချက်ကစားသမားနက်ဗက် လက်ရွေးစင်အဖြစ်မှ အနားယူပြီ

ဘဲဂရိတ် ဩဂုတ် ၁၇

ချက်သမ္မတနိုင်ငံ လက်ရွေးစင် ဘောလုံးအသင်းမှ ပါဗယ်နက်ဗက်သည် ဩဂုတ်၁၆ရက်က ဆားဘီးယားနှင့် မွန်တီနီဂရိုးအသင်း ယှဉ်ပြိုင်ကစားမည့် ချစ်ကြည်ရေးပွဲအပြီး လက်ရွေးစင်ဘောလုံးသမားဘဝမှ အနားယူလိမ့်မည်ဖြစ်ကြောင်း ၎င်း၏အေးဂျင့်က ပြောကြားသည်။

အသက်၃၃ နှစ်ရှိ အဆိုပါ ကွင်းလယ်ကစားသမားသည် ၎င်း၏နိုင်ငံအတွက် ပွဲပေါင်း ၉၀ ပါဝင်ကစားခဲ့ပြီး ၁၈ ဂိုးသွင်းပေးနိုင်ခဲ့သည်။ ယူရို ၂၀၀၄ပြိုင်ပွဲပြီးနောက် လက်ရွေးစင်အသင်းတွင် ပါဝင်ကစားရန် ငြင်းဆိုထားခဲ့သည်။ သို့သော်လည်း ၎င်းသည် ချက်အသင်းသို့ ပြန်လာပြီး ကမ္ဘာ့ဖလားတွင် ပါဝင်ကစားခဲ့သည်။

လူငယ်ကစားသမားများကို နေရာပေးရန် လက်ရွေးစင်ဘောလုံးသမားဘဝမှ အနားယူရန် ဆုံးဖြတ်လိုက်ကြောင်း ဂျူဗင်းတပ်စ်ကစားသမားနက်ဗက်က ပြောကြားသည်။

ကျွန်တော် အသက် ၃၄နှစ်ထဲဝင်လာပါပြီ၊ ကျွန်တော့်ရဲ့မိသားစုနှင့်အတူ ဂျူဗင်းတပ်စ်အတွက် ကစားပေးရန်သာလိုလားပါတယ်ဟူ၍လည်း ၎င်းကဆိုသည်။

တန်းဆင်းဂျူဗင်းတပ်စ်တွင် ကစားနေချိန်၌ နိုင်ငံတကာပွဲများ တောင်းဆိုလာခြင်းကိုပြင်ဆင်ဖို့ရန်မှာ ကျွန်တော့်အတွက် ခက်ခဲလာပါတယ်ဟူ၍လည်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

ကလေးဝတောရလယ်တီ ဘဒ္ဒန္တဇာဂရာဘိဝံသ ဝိဇာတပူဇာ မွေးနေ့အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁) နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ဥက္ကဋ္ဌ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ မူလအာဘိဓမ္မိက ကလေးဝတောရဆရာတော် လယ်တီ ဘဒ္ဒန္တဇာဂရာဘိဝံသ၏ သက်တော်(၆၅)နှစ် သိက္ခာတော်(၄၅)ဝါ၏ မွေးနေ့အလှူတော် မင်္ဂလာကို ဩဂုတ်၁၅ရက် နံနက်၁၀နာရီက မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူဘုရားကုန်းမြေရှိကလေးဝတောရ စာသင်တိုက်၌ ကျင်းပသည်။

မေတ္တာသုတ်

အခမ်းအနားကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များချီးမြှင့်ကြသည်။

ဆက်ကပ်

ဆက်လက်၍ မွေးနေ့အလှူရှင် ဘဒ္ဒန္တဇာဂရာဘိဝံသက ကျပ်သိန်း ၁၀၀တန်ဖိုးရှိ လယ်တီဝိပဿနာစာအုပ်များ လှူဒါန်းခြင်း၊ ကျောင်းတိုက် ဝါဆိုရဟန်းသာမဏေအပါး ၁၅၀၀ကျော်တို့အား ကျပ်သိန်း၇၀တန်ဖိုးရှိ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ သာသနာ့နွယ်ဝင် သီလရှင်အပါး၂၀၀ကျော်တို့အား ကျပ် ၁၀သိန်းတန်ဖိုးရှိ ဝတ်စုံများ လှူဒါန်းခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများပြင့်သံဃာတော်များနှင့် စာချစာသင်သံဃာအပါး၁၅၀၀ကျော်တို့အား ကျပ်သိန်း ၅၀တန်ဖိုးရှိ လှူဖွယ်ပစ္စည်းနှင့် နေ့ဆွမ်းဆက်ကပ်ခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး ဘဒ္ဒန္တကုမာရနှင့် တိပိဋကဓရ မဟာဂန္ထာရုံဆရာတော် သုမင်္ဂလာလင်္ကာရတို့အတွက် ဆေးဝါး နဝကမ္မလှူဒါန်းငွေကျပ်တစ်သိန်းစီ စုစုပေါင်း ကျပ်သိန်း ၂၃၂သိန်း လှူဒါန်းပြီး ရှိပြီးရင်းရှိ သိဒ္ဓိစာတ်ပေါင်းစုံအဖွဲ့ကလည်း သံဃာတော်များအား ကျပ်၁၀သိန်းတန်ဖိုးရှိ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(အပေါ်ပုံ) (က-ပ)

ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ ရွှေအင်းဝကုမ္ပဏီလီမိတက်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Grace General Services Co., Ltd.မှ မလေးရှားနိုင်ငံရှိ The Eastern Garment MFG SDN.BHD ကုမ္ပဏီတွင် အလုပ်လုပ်ရန် စက်ချုပ်လုပ်သား(အမျိုးသား)များ အမြန်လိုအပ်ပါသည်။

၁။ လုပ်သားအရေအတွက်	–	အမျိုးသား ၁၀၀ဦး
၂။ အသက်အပိုင်းအခြား	–	၁၈နှစ်မှ ၃၅နှစ်
၃။ စာချုပ်သက်တမ်း	–	သုံးနှစ်
၄။ အခြေခံလစာ	–	RM 700(Basic Monthly Salary)
၅။ အချိန်ပို	–	တစ်နေ့ ၄ နာရီနှင့်အထက်
၆။ နေစရာ	–	အလုပ်ရှင်မှပေးမည်
၇။ စားစရာ	–	အချိန်ပို ၄နာရီကျော်ပါက ညစာကျွေးမည်
၈။ ရက်မှန်ကြေး	–	RM 30 (တစ်လလျှင်)
၉။ Shift Allowance	–	RM 36 (တစ်လလျှင်)
၁၀။ Service Allowance	–	RM 43.22 (တစ်လလျှင်)
၁၁။ Incentive Bonus	–	RM 30 (တစ်လလျှင်)

လျှောက်ထားလိုသူများသည် Passport မူရင်းနှင့်မိတ္တူ၊ လုပ်ငန်းခွင်သင်တန်းလက်မှတ်မူရင်းနှင့် ဓာတ်ပုံ ၁၀ပုံ ယူဆောင်လာရမည်။

မှတ်ချက်။

လူတွေ့စစ်ဆေးမည်ဖြစ်သဖြင့် စက်မချုပ်တတ်သူများကို သင်တန်းပေးပါမည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်

ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက် ဖုန်း-၆၄၂၄၇၃၊
Grace General Services Co., Ltd.
ဖုန်း-၅၅၉၂၁၈၊ ၅၅၈၄၁၁၊ ၇၀၈၈၈၉။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စောဝင်းမောင်(C.D.C. 39544)၏ Allotment Order ပျောက်ဆုံးသွားပါ၍ တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၅၄၈၀၃၆။**

အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်မြို့နေ ကျွန်ုပ်၏အမှုသည် ဦးမျိုးသစ်လွင် ၁၂/ပဘတ(နိုင်)၀၀၈၀၄၃၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးမျိုးသစ်လွင်သည် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် (၇၅/စီ)(အရှေ့ဘက်တိုက်)ရှိ (ငါးလွှာ)မျက်နှာမူ၍ ကြည့်သော်(လက်ယာဘက်အခြမ်း) (၂၅ပေ x ပေ၅၀)ဟုခေါ်တွင်သော (လူနေမရှိ) တိုက်ခန်းကို ဦးမြတ်သူနှင့် ၎င်း၏ညီမများက ၎င်းတို့သာလျှင် ပိုင်ဆိုင်ကြောင်း၊ ၎င်းတို့၌ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ၎င်းတို့သာလျှင်လက်ရှိဖြစ်ကြောင်း၊ မည်သည့်အရှုပ်အထွေးပြဿနာမျှ မရှိကြောင်းပြောဆိုသဖြင့် ကျွန်ုပ်၏အမှုသည် ဦးမျိုးသစ်လွင်က ၁၆-၈-၂၀၀၆ရက်တွင် စရန်ငွေများကို ပေးချေပြီးဖြစ်ပါသည်။ ကျန်ငွေကို ဤကြေညာချက်ပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း အရစ်ကျဆက်လက်ပေးချေသွားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကာလအတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ချိန်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို အပြီးအထိ ဆက်လက်ဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြဟန် B.A(Law),LL.B, D.B.L., D.M.L.
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၅(D)၊ မြေကွက်အမှတ် ၄၈ (B/C)နှင့် ၄၈(ဘီ/၁စီ)၊ မြေဧရိယာ ၀ ဒသမ ၂၄၄ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၁၀(C)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့/မြေစာရင်းတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြမြမူ ၁၂/ဗဟန(နိုင်)၀၇၀၁၄၃နှင့် ဦးသန့်ဇင် ၁၂/ဗဟန(နိုင်)၀၇၀၅၅၃ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အပေါ် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအီနုစ် (တရားရုံးချုပ်ရှေ့နေ)
Ye Noos & Associates (Law Firm)
အမှတ် ၃၀၊ ပထမထပ်၊ ၄၄လမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၆၁၃၂၊ ၂၉၈၅၄၁။

ဆွမ်းဆက်ကပ်

ဩဂုတ် ၁၆ရက်က ဗိုလ်တထောင်မြို့နယ် အမှတ် (၄)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းနှင့် ဆရာမများက နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ သံဃာတော်များအား တစ်နေ့တာ ဆွမ်းဆက်ကပ် လှူဒါန်းကြစဉ်။ (က-ပ)

အုတ်တွင်းပြည်သူ့ဆေးရုံသုံး အောက်ဆီဂျင်စက်ဝယ်ရန်ငွေလှူဒါန်း ကျောင်းသားကျောင်းသူများအား စာရေးကိရိယာနှင့်ဝတ်စုံများထောက်ပံ့

အုတ်တွင်း ဩဂုတ် ၁၀

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က ကျောင်းသားကျောင်းသူများအား စာရေးကိရိယာနှင့် ဝတ်စုံများ ထောက်ပံ့လှူဒါန်းပွဲနှင့် မွေးရာပါအင်္ဂါချို့တဲ့သူ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ဆေးဝါးနှင့်အာဟာရ ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၇ရက် နံနက်က ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စု ဖောဓိကုန်းကျေးရွာ အထက(ခွဲ)ခန်းမတွင် ကျင်းပသည်။

ထောက်ပံ့

အခမ်းအနားတွင် ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က အဖွင့်အမှာစကား ပြောကြားပြီး ပဲခူးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်နှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဌေးအောင်တို့က ကျောင်းသားကျောင်းသူ၂၀အားစာရေးကိရိယာနှင့်ဝတ်စုံများကိုလည်းကောင်း **(အပေါ်ယာပုံ)**၊ မွေးရာပါ အင်္ဂါချို့တဲ့သောကလေးငယ် ၁၂ဦးနှင့် ကိုယ်ဝန်ဆောင်မိခင်၁၅ဦးတို့အား ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ကြသည်။

ပေးအပ်

ထို့နောက် ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌသို့ အုတ်တွင်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်က ရာသက်ပန်အဆိုပြုလွှာ ၅၅၆စောင် ပေးအပ်ပြီး အုတ်တွင်းမြို့နယ် ကြယ်နီဆေးပေါ့လိပ်ခုံပိုင်ရှင် သီရိသုခမ္မသီဂီ ဒေါ်သန်းသန်းနွဲ့က အုတ်တွင်းပြည်သူ့ဆေးရုံသုံး အောက်ဆီဂျင်စက် ဝယ်ယူရန်အတွက် အလှူငွေကျပ် ၇၅၀၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဖောဓိကုန်း အထက(ခွဲ)ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားပြီး ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များဖြစ်သည့် ပန်းအလှပြင်သင်တန်း၊ စက်ချုပ်သင်တန်းနှင့်မုန့်ဖုတ်သင်တန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (၃၁၆)

မြို့နယ်သတင်းများ

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မင်္ဂလာမျှော် အင်းကန်တွင် နုန်းများဆယ်ယူနေမှုကို ဇူလိုင်၃၁ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးကြည်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရွှေတောင်မြို့ ရေပေးရေးရေစင်ပြီးစီး မီးဘေးကာကွယ်ရေး အထောက်အကူပြု

ရွှေတောင် ဩဂုတ် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် ဩဂုတ် ၃ရက်က ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် မြို့ရေပေးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရာ ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အတွင်းအဖွဲ့မှ ဆောင်ရွက်ခဲ့သော ဂါလန် ၂၀၀၀ဆံ့ သံကူကွန်ကရစ်ရေစင် တည်ဆောက်ပြီးစီးမှုကို အမှုဆောင် အရာရှိ ဦးသန်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်လွင်တို့က ရှင်းလင်းတင်ပြသည်။

ကာကွယ်နိုင်ရေး

အဆိုပါရေစင်သည် ရေဂါလန် ၂၀၀၀ ဆံ့ပြီး မြို့ရေပေးရေးလုပ်ငန်းအတွက်အထောက်အကူဖြစ်စေသည် သာမက ရေစင်ရှိရာ ကြာနီကန်(အနောက်)လမ်းတွင် ရေပိုက်ခေါင်းတစ်ခု ထားခြင်းဖြင့် အများပြည်သူများ ရေသုံးစွဲမှု လွယ်ကူစေပြီး၊ နွေရာသီတွင် မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် အထောက်အကူဖြစ်သည်။

အရည်အသွေး

မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ရေပေးရေးလုပ်ငန်းများအပြင် ကျေးလက်ဒေသပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ယခုဘဏ္ဍာရေးနှစ်အတွင်း တစ်လက်မခွဲတွင်းတိမ် ခုနစ်တွင်း၊ စက်ရေတွင်း နှစ်တွင်းတို့ကို မြို့နယ်အတွင်းကျေးရွာကိုးရွာတို့တွင် တူးဖော်ပေးမည်ဖြစ်ရာ ညွှန်ကြားရေးမှူးက သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေး၊ အရည်အသွေး ပြည့်မီရေးတို့အား အလေးပေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သမဝါယမနှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာစည်းဝေး

ခန္တီး ဩဂုတ် ၄

စစ်ကိုင်းတိုင်း ခန္တီးမြို့ ပြည့်ဖြိုးဝေအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၀၅-၂၀၀၆ ခုဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၉ ရက် မွန်းတည့် ၁၂ နာရီက ခန္တီးမြို့နယ်သမဝါယမဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ အသင်းလီမိတက်အလုပ်အမှုဆောင်များ၊ မြို့နယ်အဆင့် သမဝါယမဖွဲ့စည်းရေးကော်မရှင်အဖွဲ့ဝင်များ၊ အခြေခံသမဝါယမအသင်း (၁၄) သင်းမှ ကိုယ်စားလှယ်များနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အသင်းလီမိတက်ဥက္ကဋ္ဌဦးစိန်လွင်နှင့် မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးချစ်ဦးတို့က အမှာစကား ပြောကြားကြပြီး အသင်းအတွင်းရေးမှူး ဦးဘသောင်းက အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာကိုလည်းကောင်း၊ စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးဇော်ဝင်းမောင်က နှစ်ချုပ်စာရင်းများကိုလည်းကောင်း ဖတ်ကြားရှင်းလင်းကြသည်။ ထို့နောက် အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းများကို အတည်ပြုချက်ယူပြီး သဘာပတိကနိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
ဝါခေါင်လပြည့်ကျော် ၁၁ ရက်
၁၉-၈-၂၀၀၆
(စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၀၉း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) ပန်းတံတားပေါ် လျှောက်ပါ
(၂) တေးဆိုမယ်
(၃) မဆုံးချစ်ကမ္ဘာ

၀၉း၄၅ အာဆီယံအစီအစဉ်

၁၁း၁၅ နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ (ဆေးဝါးကျွမ်းကျင်သူများ သမဝါယမအသင်းလီမိတက်၏ ဆေးဝါးထုတ်လုပ်မှုအကြောင်း)

၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) မာတာမိခင် (ခေါင်းကြီး)
(၂) ရင်ထဲကလစန္ဒာ (ဆောင်းပါး သရုပ်ဖော်)

၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ

၁၂း၁၀ နေ့စဉ်သုံး အီဒီယမ် (ဦးသိန်းလွင်)

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အလယ်တန်း-မြန်မာစာ- သဒ္ဒါသင်ကြားခြင်း)

ညနေပိုင်း

၁၆း၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဖက်ဖူးဆင် ခင်ခင်ကြိုက်တယ်
(၂) စိမ့်လွဲညို
(၃) မောင်လို့ ဘယ်ခါခေါ်ရမယ်

၁၇း၀၀ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ် (ကချင်ပြည်နယ်မှ မောင်ရဲထိုက်နှင့် ရခိုင်ပြည်နယ်မှ ကိုကိုနိုင်တို့၏ ခေတ်ဟောင်း၊ ကာလပေါ်တေး)

၁၇း၁၅ ခေတ်ဟောင်းတေး
(၁) ဝင်းဝင်းစိုစို-မောင်ပွကြီး
(၂) သက်ဝေ-ပြည်လှဖေ-မေရှင်
(၃) မေတ္တာလက်ဆောင်-မေမြင့်

၁၇း၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ

၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျန်းမာခြင်း၏ အခြေခံမူကြီးများ-မောင်ရွှေယုံ)

၁၈း၄၅ လှပသာယာအိမ်ဂေဟာ (ခန်းဆီးလေးများ တလွင့်လွင့်တို့အိမ်လေးက ကြွားကြွားဝင့်)

၁၉း၁၅ မေတ္တာလက်ဆောင်ရ တေးစီးရီး (သီဟတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဥပုသ်နေ့တိုင်းဆွမ်းခံကြွပါဘုရား တေးစီးရီး)

၂၀း၃၀ တေးသံစုံ (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့)

၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အသက်နှင့်ယှဉ်၍ချစ်သည်
(၂) မေမေ့ပုံပြင်
(၃) သူ့ကိုချစ်၍ ခွဲရပါသည်

ဖြူးမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး အိမ်တွင်းအသက်မွေးပညာလက်တွေ့သင်တန်းဖွင့်

ဖြူး ဩဂုတ် ၁၃

ဖြူးမြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အိမ်တွင်းအသက်မွေးမှုပညာရပ် ဇာထိုး၊ ပန်းထိုးလက်တွေ့ ရက်တိုသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက ဖြူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်တွေ့သင်ကြားပေး

သင်တန်းဖွင့်ပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဝေနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာမများ၊ မြို့ပေါ် ၁၀ ရပ်ကွက်နှင့် ဖြူးအရှေ့ကျေးရွာအုပ်စုမှ အမျိုးသမီးရေးရာအဖွဲ့ဝင် သင်တန်းသူ ၅၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၀ရက်မှ ၁၂ရက်အထိ လက်တွေ့သင်ကြားပေးခဲ့သည်။**(အောက်ပုံ)** (၂၈၄)

လမ်းပြင်ရန် ကွင်းဆင်း

အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသတွင် ပျက်စီးနေသော လမ်းများ ပြန်လည်ပြုပြင်ရန်အတွက် ဇူလိုင် ၁၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးလှဦးနှင့် မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးစိုးညွန့်ဝင်းတို့ ကွင်းဆင်း စစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်ဆိုင်းဘုတ် ဝန်းကျင် သာယာလှပရေးလုပ်ငန်းဆောင်ရွက်မှုကို ဇူလိုင်၂၃ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဟိန်းဇော်က ရှင်းလင်းပြသစဉ်။ (မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း ပေါက်ခေါင်းမြို့နယ် ဆရာဝန်ဒေါက်တာဦးဇော်မြင့်နိုင်နှင့်အဖွဲ့ဝင်များ မိုးရာသီတွင်ဖြစ်ပွားတတ်သော ဝမ်းပျက် ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍ ဩဂုတ် ၄ ရက်က အိုးဘိုကုန်း အလယ်တန်းကျောင်း၌ ဟောပြောဆွေးနွေးခဲ့ပြီး မူလတန်းကျောင်းသား ကျောင်းသူ ၃၀၅ဦးတို့အား ကျန်းမာရေးစစ်ဆေးပေးစဉ်။ (မြို့နယ်ကျန်းမာရေး)

လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီ မေတ္တာအခါတော်နေ့ကျင်းပ

ပြည် ဩဂုတ် ၁၂

လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော် ဂေါပက အဖွဲ့ကကြီးမှူး၍ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ အခမ်းအနားကို ဩဂုတ် ၈ ရက် ညနေ ၆ နာရီက စေတီတော်ရင်ပြင်ရှိ ကျားပုံမကောက်ဓမ္မာရုံတွင် ကျင်းပ သည်။

တရားတော်နာကြား

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ကိုးပါးသီလခံယူ ဆောက်တည် ကြ၍ ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ် တရားတော်များ နာကြားကြသည်။

ရေစက်သွန်းချ

ထို့နောက် ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျဂေါပက ဦးမြဝင်းက မေတ္တာအခါတော်နေ့ အခမ်းအနားကျင်းပ ရခြင်းနှင့် သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထားပြီး ဂေါပကအဖွဲ့ဝင်များက ဆရာတော်ကြီးများအား နဝကမ္မ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိ ကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ အနုမောဒနာ တရားနာကြားကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်တို့ ဇူလိုင်၂၀ရက်က သုံးခွမြို့ပန်းခြံအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ပျိုးပင်များစိုက်ပျိုးထားမှုကိုကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဋ္ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီတာမြင့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်း သောက်သုံးရေသန့်ရှင်းမှုနှင့် ချုံနွယ်ရှင်းလင်း

ကလေး ဩဂုတ် ၈

ကလေးမြို့နယ် ကျန်းမာရေးကြီးကြပ်ရေးကော်မတီက ဦးဆောင်ပြီး သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး စစ်ဆေးခြင်းလုပ်ငန်းကို ဩဂုတ် ၅ ရက် နံနက် ၇ နာရီခွဲက ကလေးမြို့ အောင်သစ္စာရပ်ကွက်၌ ကျင်းပ သည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အဖွဲ့သုံးဖွဲ့ခွဲကာ တစ်အိမ်တက်ဆင်း သောက်သုံးရေ သန့်ရှင်းမှု၊ ချုံနွယ်များ ရှင်းလင်းမှု ရေမြောင်းများရေစီးရေလာ ကောင်းမွန်မှုရှိမရှိနှင့် ရေဝပ်သည့် နေရာများတွင် မြောင်းဖောက် ရေထုတ်ရန်နှင့် သဲမြေဖို့ရန် စစ်ဆေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။ (အပေါ်ပုံ) (၄၁၇)

အိမ်မဲမြို့ ကျောက်ဝိုင်းမဟာစည် ဝါတွင်းတရားစခန်းဖွင့်မည်

အိမ်မဲ ဩဂုတ် ၁၃

အိမ်မဲမြို့ ကျောက်ဝိုင်းမဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကုလန္ဒဝံသ ဆရာတော်ကြီးမှူး၍ တပည့်နယ်လှည့်ဓမ္မကထိက တိုက်အုပ်ဆရာတော် ဦးကုမရ၊ တိုက်ကြပ် ဆရာတော်ဦးအာစိဏ္ဏနှင့် ဦးဇဝနတို့ ထောက်ကူကြီးကြပ်ပြီး ဝါတွင်း ခုနစ်ရက် တရားစခန်းကို တော်သလင်းလဆန်း ၈ရက် (ဩဂုတ် ၃၀ရက်)တွင် ဖွင့်လှစ် မည်ဖြစ်ရာ တရားစခန်းဖွင့်ပွဲနေ့တွင် ဆရာတော်၏ သက်တော် ၉၀ ပြည့်အကြို ဆရာတော်၏ ရုပ်တုတော်ဖွင့်ပွဲကိုပါ ပူးတွဲ၍ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ရပ်ဝေးရပ်နီးမှ တရားစခန်းဝင်လိုသူများနှင့် ဆွမ်းဝေယျာဝစ္စလှူဒါန်း လိုသူများသည် ရန်ကုန်မြို့နေ ဦးမြင့်စိုး ဖုန်း-၀၉-၅၀-၁၄၉၄၃၊ ဦးသိန်းလွင် ဖုန်း-၆၆၁၃၄၉၊ အိမ်မဲမြို့နေ ဒေါ်စန်းကြည် ဖုန်း-၀၄၅-၂၁၃၅၄ နှင့် ဒေါ်မမကြီး ဖုန်း-၀၄၅-၂၁၄၅၈ တို့သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြ ကြောင်း သိရသည်။ **(က-ပ)**

ဖျာပုံ သီရိမြိုင်လမ်း ပလက်ဖောင်းကပ်တုံးပြုလုပ် ပန်းပင်များ ပုံဖော်၊ ရေတမာပင်များရွှေ့ပြောင်းစိုက်ပျိုး

ဖျာပုံ ဩဂုတ် ၁၂

ဖျာပုံမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်သိန်းခိုင်နှင့်အဖွဲ့သည် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဩဂုတ်၈ရက်က သီရိမြိုင်လမ်းမကြီး တစ်လျှောက် သန့်ရှင်းသာယာလှပ ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့ အတွက် ပလက်ဖောင်းကပ်တုံးများ ပြုလုပ်ခြင်း၊အလှပန်းပင်များကိုဖြတ်ညှိ ပုံဖော်ခြင်းနှင့် ရေတမာပင်များ အစီ အစဉ်တကျ ရှိစေရန်အတွက် ရွှေ့ပြောင်း စိုက်ပျိုးခြင်းလုပ်ငန်းများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်နှင့် အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြား ရေးမှူး ဦးသက်ပိုင်တို့က ကြည့်ရှု အားပေးပြီး လိုအပ်သည်များဖြည့်ဆည်း ပေးကြသည်။ **(ဝဲပုံ)** **(၁၅၈)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ) - မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ
(စနေ-တနင်္ဂနွေ) - နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

၂၁-၈-၂၀၀၆ (တနင်္လာနေ့)

- ❑ Alphabet အက္ခရာ
  - ပထမနှစ် အရှေ့တိုင်းပညာ အထူးပြုမြန်မာစာ၊ မြန်မာမှု၊ ရသစာပေ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ - Phobic disorders
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၂-၈-၂၀၀၆ (အင်္ဂါနေ့)

- ❑ Application of Maxwell's Equation
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- Electrophilic Addition to Unsaturated Carbon
  - တတိယနှစ်ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၂၃-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- ❑ Electrophilic Aromatic Substitution
  - တတိယနှစ်ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Logic of Truth-Function
  - ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၂၄-၈-၂၀၀၆ (ကြာသပတေးနေ့)

- ❑ Business Organization
  - ပထမနှစ်စီးပွားရေးပညာ၊ စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Economic Development Concept and Measurement
  - တတိယနှစ်စီးပွားရေးပညာ ပြည်သူရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၅-၈-၂၀၀၆ (သောကြာနေ့)

- ❑ The Application of Schroedinger's Equation
  - တတိယနှစ်ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Nuclear Binding Energy and Semi-Empirical Mass Formula
  - တတိယနှစ်ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၂၆-၈-၂၀၀၆ (စနေနေ့)

- ❑ Index Numbers
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြု
- ❑ Quality Control
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြု
- ❑ Theory of Probability
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြု
- ❑ Probability Distributions
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု
- ❑ Developing a Business Plan
  - ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ Time Series Analysis and Forecasting
  - ဒုတိယနှစ် စီးပွားရေးပညာအထူးပြု
- ❑ Criteria for Estimators
  - ဒုတိယနှစ် စီးပွားရေးပညာအထူးပြု
- ❑ Consignment Account
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု
- ❑ Estimation
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု
- ❑ Finance
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု
- ❑ Vital Statistics
  - ပထမနှစ် ပြည်သူ့ရေးရာအထူးပြု

၂၇-၈-၂၀၀၆ (တနင်္ဂနွေနေ့)

- ❑ Asean Economics
  - ဒုတိယနှစ် စီးပွားရေးပညာအထူးပြု
- ❑ The Question of Savings in Micro Finance Systems
  - ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ Process Cost Accounting
  - ဒုတိယနှစ် စီးပွားစီမံ၊ စီးပွားရေးပညာအထူးပြု
- ❑ Organization & Control
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု
- ❑ Financial Accounting Limited Company Issue of Shares and Debentures
  - ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု
- ❑ Motivation, Leadership & Communication
  - ဒုတိယနှစ် စီးပွားရေးပညာ အထူးပြု
- ❑ Descision Making & Personal Management
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု
- ❑ Consumer's Equilibrium
  - ဒုတိယနှစ် စီးပွားရေးပညာ အထူးပြု
- ❑ Measures of Dispersion
  - ဒုတိယနှစ် ပြည်သူ့ရေးရာအထူးပြု
- ❑ Nutrition
  - ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု

လူမှုရေးအသင်းအဖွဲ့များသို့ ရန်ပုံငွေနှင့်ဝတ်စုံများပေးအပ်

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လူမှုရေးအသင်းအဖွဲ့များသို့ ရန်ပုံငွေနှင့် ဝတ်စုံများပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၉ရက် မွန်းလွဲ ၁ နာရီက လှိုင်သာယာမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က လူမှုရေးအသင်းအဖွဲ့များသို့ ရန်ပုံငွေများနှင့် ဝတ်စုံများပေးအပ်ရခြင်း၏ အကြောင်းအရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရန်ကုန် မြောက်ပိုင်းခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သိန်းတို့က လူမှုရေးအသင်းအဖွဲ့များဖြစ်ကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအား ငွေကျပ်ငါးသိန်း၊ မီးသတ်တပ်ဖွဲ့အား ငွေကျပ် ခုနစ်သိန်း ငါးသောင်း၊ ကြက်ခြေနီတပ်ဖွဲ့အား ငွေကျပ် ခုနစ်သိန်းငါးသောင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့အား ငွေကျပ် ငါးသိန်း၊ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းအား ငွေကျပ်ငါးသိန်း၊ အမျိုးသမီးရေးရာအဖွဲ့အား ငွေကျပ်ငါးသိန်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးသစ် ဆောက်လုပ်ရန်အတွက် ရန်ပုံငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ် သိန်းလေးဆယ် တန်ဖိုးရှိငွေနှင့်ဝတ်စုံများ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ဝဲပုံ)** **(၁၈၀)**

ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရုံးဝန်းအတွင်း ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးထားရှိမှုကို ဇူလိုင် ၁၆ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ငွေ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လှိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မရမ်းကုန်းမြို့နယ် ဂျီအီးစီ(ပညာရေး)သမဝါယမ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာစည်းဝေး

ရန်ကုန် ဩဂုတ် ၁၇

မရမ်းကုန်းမြို့နယ် ဂျီအီးစီ(ပညာရေး) သမဝါယမအသင်းလီမိတက်၏ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် အစုပေါ်အကျိုးအမြတ်ငွေများ အသင်းသားများသို့ပေးအပ်ပြီး ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းသားဆရာ ဆရာမများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက်က အထက(၁) စန္ဒိမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးသန်းအေးနှင့် မြို့နယ်ပညာရေးမှူးကိုယ်စား ဆရာကြီးဦးရှိန်းလိန်းအောင်တို့က အမှာစကားပြောကြားကြပြီး အဋ္ဌမအကြိမ်မြောက် ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် အစုပေါ်အကျိုးအမြတ်ငွေကျပ် ၈၈၈၀၉၇ ကို ဒါရိုက်တာအဖွဲ့က အသင်းသားများကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးရှိန်းလိန်းအောင်ထံပေးအပ်သည်။ **(အောက်ပုံ) (မြို့နယ်ပညာရေး)**

သွားတိုက်ပြိုင်ပွဲ

ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် စမ်းချောင်းမြို့နယ် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူကလေးများက သွားတိုက်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြစဉ်။ (မြို့နယ်ပညာရေး)

မိုးညှင်းမြို့ ရွာသစ်ကုန်းကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အုတ်သစ်သားတံတားလုပ်ငန်းကို ဩဂုတ် ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့် ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ရွှေကျင်မြို့နယ် ဥက္ကဋ္ဌဖလားဘောလုံးပြိုင် ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရွှေကျင် ဩဂုတ် ၁၂

ပဲခူးခရိုင် ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အသက် ၂၃ နှစ်အောက် ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၉ရက်က ရွှေကျင်မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ကျွဲတဲရပ်ကွက်အသင်းနှင့် ပန်းဘဲတန်းရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျွဲတဲရပ်ကွက်အသင်းက ပန်းဘဲတန်းရပ်ကွက် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲကာ တံခွန်စိုက်ဖလားဆွတ်ခူးရရှိသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများအား မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်မောင်စိုးက ပေးအပ်ပြီး ပထမဆုရ ကျွဲတဲရပ်ကွက်ဘောလုံးအသင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့်က တံခွန်စိုက်ဖလားကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ကွန်ပျူတာအခြေခံပညာဆင့်ပွားသင်တန်းဖွင့်

မိုင်းဆတ် ဩဂုတ် ၁၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကကြီးမှူး၍ မိုင်းဆတ်ခရိုင်အတွင်းရှိ မိုင်းဆတ်နှင့်မိုင်းတုံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မိုင်းခုတ်၊ ပုံပါကျင်မြို့ စည်ပင်သာယာရေးအဖွဲ့များမှ စာရေးဝန်ထမ်းများနှင့် မိုင်းဆတ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှစာရေးများ၏ ကွန်ပျူတာအခြေခံပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၇ရက်နံနက် ၈နာရီက မိုင်းဆတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပရာ မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခရိုင်တာဝန်ခံ အမှုဆောင် ဦးစီးအရာရှိ ဦးတင့်ဝေက အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းမှာ သင်တန်းကာလ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မတ္တရာမြို့၌ ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုး

မတ္တရာ ဩဂုတ် ၅

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဇီဝဒီဇယ်ဆီထုတ်လုပ်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးစီမံချက်အရ ခြံစည်းရိုးကြက်ဆူပင်ပေါင်း ၁၂၀၀၀ စိုက်ပျိုးပွဲကို ဇူလိုင် ၂၂ ရက်က တုန်ကုန်း- ဥဒိန်လမ်းဘေးဝဲယာတစ်လျှောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများဖြင့် စိုက်ပျိုးရာ မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံ၊ ဒုတိယဦးစီးမှူး (အခွန်) ဒေါ်တိုးတိုးသန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မန်းဒေတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ်စည်ပင်)

ဝါဆိုသင်္ကန်းဆက်ကပ်

တပ်ကုန်း ဩဂုတ် ၃

တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင်၁၃ရက် နံနက် ၁၀ နာရီက တပ်ကုန်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်တွင်ကျင်းပရာ တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှ (ရွှေသင်း-ယုလွင်)နှင့် အလုပ်အမှုဆောင်တို့က ပဏ္ဍိတာရာမ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာနန္ဒထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(၂၆၆)**

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သော မြန်မာနိုင်ငံဆိုင်ရာ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှပုဂ္ဂိုလ်များနှင့် ပြည်တွင်း ပြည်ပသတင်းစာဆရာများ ရှမ်းပြည်နယ်ရှိ မိုင်းလားမြို့နှင့် ပန်ဆန်းမြို့တို့၏ ဖွံ့ဖြိုးတိုးတက်မှုများ လှည့်လည်ကြည့်ရှုလေ့လာ

ကြည့်ရှုလေ့လာ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သော လေ့လာရေးအဖွဲ့ဝင်များ ပန်ဆန်းမြို့ရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) ဘိန်းအစားထိုးသီးနှံ စိုက်ခင်းများကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကျင်းပသည့် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးပွဲနှင့် သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၆)သို့ တက်ရောက်ခဲ့ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ ခေတ္တနာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany ခေါင်းဆောင်သော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်ကြသည့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)၊ ကုလသမဂ္ဂ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတားဆီးရေး(UNAIDS)၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)နှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအေဂျင်စီ(DEA)တို့မှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်းနှင့် ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များသည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်၍ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့မှ ရဟတ်ယာဉ်များဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားမြို့သို့ နံနက် ၉ နာရီတွင် ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီး ဦးဆောင်သော လေ့လာရေးအဖွဲ့ဝင်များသည် မိုင်းလားမြို့ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်သည့် အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ မိုင်းလားဒေသမှ တိုင်းရင်းသားခေါင်းဆောင် ဦးနွေဦးနှင့် တာဝန်ရှိသူများက မိုင်းလားဒေသ၏ ဘိန်းကင်းစင်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး လေ့လာရေးအဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် မိုင်းလားမြို့တွင် တည်ထား ကိုးကွယ်သော ဒွေနရလပ် ရွှေစေတီအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)ဖြစ်သော 'ဝ'ဒေသသည် ၂၀၀၅ ခုနှစ်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လုံးဝကင်းစင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဘိန်းအစားထိုးသီးနှံအဖြစ် ရော်ဘာကို ဧက ၄၀၀၀ အထိ အောင်မြင်စွာ စိုက်ပျိုးထား။

နယ်စပ်ဂိတ်တွင် အမှတ်တရဓာတ်ပုံရိုက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သော လေ့လာရေးအဖွဲ့ဝင်များ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ နယ်နိမိတ်ချင်းထိစပ်ရာ နယ်စပ်ဂိတ်တွင် အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)